ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ နယုန်လဆန်း ၄ ရက်၊ သောကြာနေ့၊ (10-6-2005)(၄၆၂၂)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပေါ်တူဂီသမ္မတနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန်　　ဇွန်　　၁၀

၂၀၀၅ခုနှစ် ဇွန်လ ၁၀ရက်တွင် ကျရောက်သော ပေါ်တူဂီသမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်- နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေါ်တူဂီသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျော့၊ ဖာနန်ဒို၊ ဘရန်ကို၊ ဒယ်၊ ဆမ်ပိုင်အိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

ဇွန် ၉ရက်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ်ဧည့်ခံပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ဇနီးတို့ တက်ရောက်လာကြရာ မြန်မာနိုင်ငံဆိုင်ရာ ရုရှား ဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး **H.E. Mr. Oleg V. Kabanov**နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာခိုင်နှုန်း ၁၀၀ ဖြစ်သည်။

လူကုန်ကူးမှုကို မြန်မာနိုင်ငံသည် အရေးမယူ လျစ်လျူရှု မျက်ကွယ်ပြုခြင်းမရှိ ဤကဲ့သို့ ဆိုးရွားသောရာဇဝတ်မှုကို တိုက်ဖျက်ချေမှုန်းရန် အစဉ်တစိုက် ကြိုးပမ်းနေ လူကုန်ကူးခံရသူများ ကာကွယ်မှု ဥပဒေနှင့် ညီညွတ်မှုမရှိသည့် နိုင်ငံများအနက် မြန်မာနိုင်ငံအား အနိမ့်ဆုံးအဆင့်အဖြစ် အမေရိကန်ကွန်ဂရက်က သတ်မှတ်ခြင်းကို ကန့်ကွက်

ရန်ကုန်　　ဇွန်　　၉

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနသည် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ယခုလတွင် ထုတ်ပြန်ခဲ့သည့် ပဉ္စမအကြိမ်မြောက် "လူကုန်ကူးမှု အစီရင်ခံစာ"နှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ယနေ့ထုတ်ပြန်ကြေညာသည်။ အဆိုပါ သတင်းထုတ်ပြန်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

သတင်းထုတ်ပြန်ချက်

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ယခုလတွင် ထုတ်ပြန်ခဲ့သည့် ပဉ္စမအကြိမ်မြောက် "လူကုန်ကူးမှု အစီရင်ခံစာ"သည် နိုင်ငံအချို့ကိုသာ ရွေးချယ်ဖော်ပြထားပါသည်။ ရည်ရွယ်ချက်မှာ အပြည်ပြည်ဆိုင်ရာ လူကုန်ကူးမှုကိစ္စရပ်ကို တိုက်ဖျက်ရန်ဟုဆိုသော်လည်း အဆိုပါ အစီရင်ခံစာသည် ဓမ္မဓိဋ္ဌာန်မကျရုံမျှသာမက လူကုန်ကူးမှုတိုက်ဖျက်ရေးလှုပ်ရှားမှုလုပ်ငန်းစဉ် တိုးတက်ရေးအတွက် အထောက်အကူမဖြစ်စေပါ။

အစီရင်ခံစာ၏ မြန်မာနိုင်ငံနှင့်ပတ်သက်သောအပိုင်းသည် ဝိရောဓိဖြစ်နေပါသည်။ မြန်မာနိုင်ငံကို လူကုန်ကူးခြင်းကိစ္စတိုက်ဖျက်ရေးအကောင်အထည်ဖော်ရာ၌ အနိမ့်ဆုံးအဆင့်ပင် အကောင်အထည်ဖော်ရန်ပျက်ကွက်သည့်နိုင်ငံအဖြစ် စွပ်စွဲထားသော်လည်း မြန်မာနိုင်ငံသည် လိင်ကျွန်ပြုမှုနှင့်ပတ်သက်၍ အားထုတ်ကြိုးပမ်းမှုများ တိုးတက်မှုရရှိနေသည်ကိုလည်း အသိအမှတ်ပြုထားပါသည်။

အစီရင်ခံစာ၏ စွဲချက်တင်မှုအပိုင်းတွင် ပြီးခဲ့သည့်နှစ်အတွင်း မြန်မာအစိုးရသည် ရဲတပ်ဖွဲ့များ ဖွဲ့စည်းခြင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် တိုးမြှင့်ပူးပေါင်းဆောင်ရွက်ခြင်းနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေများပြဋ္ဌာန်းခြင်း အပါအဝင် စီးပွားရေးအရ လိင်ကျွန်ပြုမှုနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး အရေးယူ ဆောင်ရွက်ရာတွင် တိုးတက်မှုများရှိသည်ကို အသိအမှတ်ပြု ဖော်ပြထားပါသည်။

အစီရင်ခံစာ၏ အကာအကွယ်ပေးမှုအပိုင်းတွင် မြန်မာနိုင်ငံသည် မြန်မာ-ထိုင်း နယ်စပ်တွင် နေရပ်ပြန်ပို့ရေးဌာန ထူထောင်ထားသည်ကို အသိအမှတ်ပြုဖော်ပြထားသော်လည်း မြန်မာအစိုးရသည် လူကုန်ကူးမှု တိုက်ဖျက်ရေးနှင့် ပတ်သက်၍ ဒုက္ခရောက်သူများကို ကူညီမှုအနည်းဆုံးသာပေးကြောင်း ဝေဖန်ထားပါသည်။

ဖြစ်စဉ်အမှန်မှာ မြန်မာအစိုးရသည် မြဝတီ နေရပ်ပြန်ပို့ရေးစခန်းကို ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် တည်ထောင်ခဲ့ပြီး United Nations Inter Agency Project-UNIAP၊ Save the Children(UK)၊ World Vision တို့နှင့် ပူးပေါင်းကာ လူကုန်ကူးမှုခံရသည့် ဒုက္ခသည်များကို လိုအပ်သော အကူအညီများ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့အပြင် မြန်မာနိုင်ငံ၌ ၂၀၀၂ ခုနှစ် ဇူလိုင်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သော လူကုန်ကူးမှုတိုက်ဖျက်ရေး ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီသည် တက်ကြွစွာ လုပ်ဆောင်လျက်ရှိပါသည်။ ၂၀၀၂ ခုနှစ်မှ ၂၀၀၄ ခုနှစ်အတွင်း အမှုပေါင်း ၄၇၄ မှုကို စစ်ဆေးခဲ့ပါသည်။ ၎င်းအမှုများမှ ၅၁၉ ဦးကို ဥပဒေနှင့်အညီ အရေးယူခဲ့ပြီး ၂၆၂၉ ဦးကို ကယ်တင်နိုင်ခဲ့ပါသည်။ လူကုန်ကူးသူများနှင့် ပတ်သက်သည့် အန္တရာယ်ကို ၇၂၂၀၆၁ ဦးအား ပညာပေးနိုင်ခဲ့ပြီး ၁၇၂၈၀ ဦးကို နေရပ်သို့ ပြန်ပို့ရေးအတွက် ဆောင်ရွက်နိုင်ခဲ့ပါသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

(10-6)News.P65　　1　　10/06/2005, 12:19 AM

ကြေးမုံ
The Mirror
၁၀-၆-၂၀၀၅
(သောကြာနေ့)

စက်စွမ်းအားများ အပြည့်အဝအသုံးချ အရည်အသွေးမီ စက်ပစ္စည်းမျိုးစုံ ထုတ်လုပ်

နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဖော်ဆောင်ရာတွင် ပဓာနကျသည့် စက်မှုကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်က စနစ်တကျ စီမံဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အပိုင်းက အရင်းအနှီးကြီးပြီး နည်းပညာသုံးစွဲရသည့် ခေတ်မီစက်ရုံ၊ အလုပ်ရုံသစ်များစွာကို ရင်းနှီးမြှုပ်နှံ ထူထောင်လျက်ရှိသည့်နည်းတူ ပုဂ္ဂလိကပိုင် စက်မှုလုပ်ငန်းများကိုပါ အခြေခိုင်ခိုင်ဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရန် အားပေးကူညီ ဖြည့်ဆည်းပေးနေသည်။

ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေအနေပေးသော နယ်မြေဒေသများ၌ စက်မှုဇုန်များကို ထူထောင်ပေးလျက်ရှိရာ မန္တလေးစက်မှုဇုန်၊ တောင်ကြီးမြို့နယ် အေးသာယာစက်မှုဇုန်နှင့် မုံရွာစက်မှုဇုန်တို့၌ ခေတ်မီသံရည်ကျိုစက်ရုံ၊ အလုပ်ရုံများ ပေါ်ထွက်လာရေး ကြိုးပမ်းဖော်ဆောင်နေကြပြီဖြစ်သည်။

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အဖွဲ့ဝင်များ လိုက်ပါလျက် ဇွန်လ ၆ ရက်နေ့မှ ၈ ရက်နေ့အထိ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းသို့သွားရောက်သည့် ခရီးစဉ်အတွင်း မန္တလေးစက်မှုဇုန်နှင့် မုံရွာစက်မှုဇုန်တို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက သက်ဆိုင်ရာစက်မှုဇုန်များမှ ကြီးကြပ်မှုကော်မတီဝင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာတွင် **"စက်မှုဇုန်မှ တာဝန်ရှိသူများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များအနေဖြင့် မိမိတို့စက်မှုဇုန် ခေတ်မီသံရည်ကျိုစက်ရုံလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်အောင် အစစကြိုးပမ်းသွားကြရမှာဖြစ်ကြောင်း၊ တပ်ဆင်ထားသောစက်များကို စွမ်းအားပြည့်အသုံးချပြီး အပ်ထည်များရော၊ ဈေးကွက်ဝင် စက်ပစ္စည်းမျိုးစုံကိုပါ အရည်အသွေးရှိရှိ ထုတ်လုပ်သွားနိုင်အောင် ကြိုးပမ်းကြရမှာဖြစ်ကြောင်း"** မှာကြားသွားသည်။

နိုင်ငံတော် အစိုးရအနေဖြင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ပုဂ္ဂလိကစက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံခြားသုံးငွေ မတည်ကူညီဖြည့်ဆည်းပေးခြင်း အပါအဝင် လိုအပ်သည့်အားပေးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ စက်မှုလက်မှုလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်၏ ပံ့ပိုးကူညီမှုများအပေါ် တစ်ဖက်သတ် မှီခိုအားထားမနေဘဲ ယခုထက်ပို၍ ကျယ်ကျယ်ပြန့်ပြန့် တွေးခေါ်လုပ်ကိုင်သွားကြရမည်ဖြစ်သည်။

ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ကျွမ်းကျင်မှု၊ အရင်းအနှီးနှင့်စက်မှုဇုန်ချင်း ညှိနှိုင်းလုပ်ကိုင်မှုများအရ လုပ်ငန်းတိုးတက် အောင်မြင်နိုင်သည့် အလားအလာကောင်းများ ရှိနေပြီဖြစ်ရာ စက်မှုဇုန်ရှိ ခေတ်မီသံရည်ကျိုစက်ရုံလုပ်ငန်းများ ပိုမိုတိုးတက်လာစေရေး ဝီရိယစိုက်ထုတ် ကြိုးပမ်းသွားကြရမည်ဖြစ်သည်။

မန္တလေး စက်မှုဇုန်(၁)ရှိ မန္တလာလက်တွန်းထွန်စက်ရုံတွင် လက်တွန်းထွန်စက်၊ ဆိုင်ကယ်ဝန်တင်ယာဉ်ငယ်နှင့် ထော်လာဂျီယာဉ်များ၏ စက်ပစ္စည်းအစိတ်အပိုင်းများကို ထုတ်လုပ်လျက်ရှိသည်။ ဆိုင်ကယ်ဝန်တင်ယာဉ်ငယ်များ၌ ဓာတ်ဆီအစား CNG သဘာဝဓာတ်ငွေ့ဖြင့် မောင်းနှင်နိုင်ရန် ဓာတ်ငွေ့အိုးကို စနစ်တကျတပ်ဆင်ထားပြီး သဘာဝဓာတ်ငွေ့ တစ်ကြိမ်ထည့်လျှင် ၆၅ မိုင်ခန့် ခရီးရောက်ကြောင်း သိရသည်။

စက်မှုဇုန်များအနေဖြင့် လက်ရှိအသုံးပြု ထုတ်လုပ်လျက်ရှိသည့် ခေတ်မီစက်ကိရိယာများဖြင့်သာ အားရတင်းတိမ်မနေဘဲ အလိုအလျောက်စက်ကိရိယာများ တိုးချဲ့တပ်ဆင်နိုင်ရေး တစ်နည်းအားဖြင့် အီလက်ထရောနစ် စက်ကိရိယာများ သုံးစွဲနိုင်သည့်အဆင့်ထိ ရောက်ရှိနိုင်ရေး ရည်မှန်းကြိုးပမ်းကြရမည်ဖြစ်သည်။

မန္တလေးစက်မှုဇုန်နှင့် မုံရွာစက်မှုဇုန်တို့၌ ခေတ်မီသံရည်ကျိုစက်ရုံဖြစ်ပေါ်လာရေး နိုင်ငံတော်၏ အားပေးကူညီမှုများနှင့်အညီ စက်တပ်ဆင်ပြီးစီးမှုနှင့် စက်ပစ္စည်းနေရာချထားမှုများ တိုးတက်ကောင်းမွန်လျက်ရှိသည်။

သို့ဖြစ်ရာ စက်မှုဇုန်ကြီးကြပ်မှု ကော်မတီဝင်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအနေဖြင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ခေတ်မီသံရည်ကျိုစက်ရုံလုပ်ငန်းများ အောင်မြင်ရေးတို့အတွက် တပ်ဆင်ထားသောစက်များ စွမ်းအားအပြည့်အဝအသုံးချပြီး ဈေးကွက်ဝင်အရည်အသွေးမီ စက်ပစ္စည်းမျိုးစုံ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ခရီးသွားပြည်သူများ လုံခြုံချောမွေ့စွာ သွားလာနိုင်ရေး ရထားများ အချိန်မှန်ပြေးဆွဲနိုင်ရေး ဝန်ကြီး မှာကြား

ရန်ကုန် ဇွန် ၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါ၍ ဇွန် ၅ ရက် မွန်းလွဲပိုင်းတွင် မုံရွာဘူတာသို့ ရောက်ရှိရာ အနောက်မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်းနှင့်အတူ ဘူတာဝန်းကျင် လုံခြုံရေးနှင့် သန့်ရှင်းသပ်ရပ်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ခရီးသွားပြည်သူများ လုံခြုံချောမွေ့စွာ သွားလာနိုင်ရေး၊ ဘူတာအဆောက်အအုံနှင့် ဘူတာဝန်းကျင်သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ရထားများကို အချိန်မှန် ပြေးဆွဲပေးနိုင်ရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ရွာထောင် ဒီဇယ်စက်ခေါင်း စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရေဝတီမြစ်ကူး ရတနာပုံတံတားသစ်ကြီးသို့ မန္တလေး ဘက်ကမ်းချဉ်းကပ် ရထားလမ်းဖောက်လုပ်မည့်နေရာသို့ ရောက်ရှိစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ ထို့နောက် မြန်မာ့မီးရထားက ဆောင်ရွက်လျက်ရှိသော ထုံးဘို ကျောက်မိုင်းသို့ သွားရောက်ပြီး လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းမှု ဂရုပြုဆောင်ရွက်ရေး၊ လိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်ပြီး လိုအပ်သော လမ်းပိုင်းအသီးသီးသို့ အရောက် ပေးပို့နိုင်ရေးတို့ကိုမှာကြားသည်။

တွေ့ဆုံ

ဝန်ကြီးသည် ဒုတိယ ဝန်ကြီးလိုက်ပါ၍ ဇွန် ၆ ရက် နံနက်ပိုင်းတွင် ရွာထောင် ဒီဇယ်စက်ခေါင်းစက်ရုံသို့ ရောက်ရှိပြီး စက်ရုံခန်းမ၌ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ အရာထမ်း အမှုထမ်းများအား တွေ့ဆုံသည်။

ကြပ်မတ်ဆောင်ရွက်

ဝန်ကြီးက အမှာစကားပြောကြားရာတွင် ဌာနအလိုက် မိမိဌာန ဂုဏ်သိက္ခာတက်အောင် ပေးဆပ်သည့်စိတ်ဓာတ်မျိုးထားရှိပြီး ကြိုးပမ်းဆောင်ရွက်ကြရေး၊ မသမာမှုများ မဖြစ်အောင် အဆင့်အတန်းအားလုံးက အသိတရားထားရှိပြီး တာဝန်ရှိသူအဆင့်ဆင့်ကလည်း ကြပ်မတ်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ စက်ရုံမှူး အထွေထွေမန်နေဂျာ ဦးမြင့်ခိုင်က စက်ရုံ၏ ဆောင်ရွက်မှု အခြေအနေများ၊ လုပ်ငန်းလိုအပ်ချက်များကိုတင်ပြပြီး အထွေထွေမန်နေဂျာ(စက်မှု)ဦးစိုးဝင်းနှင့် ဒုတိယဝန်ကြီးတို့က ဖြည့်စွက်တင်ပြကြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးပြီး စက်ရုံအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းပေး

ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် တွဲနှင့် ကုန်တွဲစက်ရုံ မြစ်ငယ်သို့ ရောက်ရှိရာ ခန်းမ၌ စက်ရုံမှူးအထွေထွေ မန်နေဂျာဦးထွန်းဦးက စက်ရုံရှိစက်ကိရိယာများ၏ စွမ်းအားနှင့်လျာထားချက်အပေါ် စွမ်းဆောင်နိုင်မှုများ၊ လုပ်ငန်းလိုအပ်ချက်များကို တင်ပြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ဆည်သို့ သွားရောက်ပြီး ရန်ကုန်-မန္တလေး ဒွေးလမ်းရထားလမ်း စီမံကိန်း၌ အပါအဝင် ဖြစ်သော အရှည်ပေ ၂၃၀ တံတားအမှတ်-၇၄၈ ဇော်ဂျီမြစ်ကူးတံတား တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြေထိန်းနံရံများ ခိုင်ခံ့သပ်ရပ်မှု ရှိအောင် ဆောင်ရွက်ရေး၊ တံတားပေါ်မှအန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ရေး တို့ကို မှာကြားသည်။ (သတင်းစဉ်)

အာရှအားကစားပြိုင်ပွဲ ကြိုဆို၊ အပြေးပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၉

၂၀၀၆ ခုနှစ် ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပမည့် (၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို ကြိုဆိုထောက်ခံအားပေးသည့်အနေဖြင့် အာရှအိုလံပစ်ကောင်စီနှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီတို့ ပူးပေါင်း၍ ၁၆ နိုင်ငံမြောက် အာရှအားကစားပြိုင်ပွဲ အပျော်အပြေးပြိုင်ပွဲကို ဇွန် ၁၁ ရက် နံနက် ၇ နာရီတွင် ရန်ကုန်မြို့ လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အသက် ကိုးနှစ်မှ ၁၀နှစ်၊ ၁၁နှစ် မှ ၁၂နှစ်နှင့် ၁၃နှစ်မှ ၁၄နှစ် အရွယ် ကလေးငယ် ၆၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲခရီးအကွာအဝေးမှာ သုံးကီလိုမီတာဖြစ်ကာ ပြိုင်ပွဲဝင် အားလုံးသို့ အာရှအိုလံပစ်ကောင်စီမှ တီရှပ် တစ်ထည်စီနှင့် ဦးထုပ်တစ်လုံးစီပေးမည်ဖြစ်ပြီး ပထမ၊ ဒုတိယ၊ တတိယ ရရှိသူများအား ဆုငွေများ ချီးမြှင့်သွားမည်ဖြစ်သည်။

(၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်း ၃၉ မျိုး ပါဝင်မည်ဖြစ်ပြီး ပြိုင်ပွဲကာလ နှစ်ပတ်ခန့် ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

အမျိုးသားရေး ဆောင်ပုဒ်၊ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ယှဉ်ပြိုင်ကြရန် နှိုးဆော်

ရန်ကုန် ဇွန် ၉

အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ၂၀၀၅ ခုနှစ်အတွက် (၁၆)ကြိမ်မြောက် ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် သတ်မှတ်ထားသော ခေါင်းစဉ်မှာ **"ဘက်စုံဖွံ့ဖြိုးတိုးတက်နေသော မြန်မာနိုင်ငံ"** ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲဝင်လိုသူများသည် (၁၀x၁၂) လက်မ သို့မဟုတ် (၁၀x၁၄) လက်မထက် မငယ်သော အရွယ်အစား (Print) ပုံလေးပုံအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို မိမိကိုယ်တိုင် ရိုက်ကူးကြောင်း၊ ထိုဓာတ်ပုံသည် ပြည်တွင်း၊ ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်၊ ဓာတ်ပုံနှင့်စပ်လျဉ်းသည့်အကြောင်းအရာ (Caption)အပြည့်အစုံ ပါရှိရမည်။ ဓာတ်ပုံများပေးပို့သည့်အခါ ပြိုင်ပွဲဝင်သူ၏ ပတ်စ်ပို့ဓာတ်ပုံ နှစ်ပုံနှင့် ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဦးထွန်းမင်း ညွှန်ကြားရေးမှူး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ၂၂-၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ၂၀၀၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက် နောက်ဆုံးထား၍ ပေးပို့ရမည်။ ပြိုင်ပွဲတွင် ဆုရရှိသော ဓာတ်ပုံပညာရှင်များ၏ အမည်ကို ၂၀၀၅ ခုနှစ် နိုဝင်ဘာလဆန်းတွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ ဆုရရှိသူများအား အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတော် ပြန်တမ်း

ရန်ကုန် ဇွန် ၉

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်းအား ယင်းဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်–

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန
(က) ဦးမြင့်ရွှေ	ညွှန်ကြားရေးမှူးချုပ်၊ ပျားလုပ်ငန်းဦးစီးဌာန မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
(ခ) ဒေါ်မျိုးနွယ်	ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြား စီးပွားဆက်သွယ်ရေးဦးစီးဌာန အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

၃။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့်ယှဉ်တွဲ ဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့်ရာထူး၊ ဌာန
(က) ဦးတင်အောင်ဝင်း အထွေထွေမန်နေဂျာ လူမှုဖူလုံရေးအဖွဲ့ အလုပ်သမားဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန အလုပ်သမားဝန်ကြီးဌာန
(ခ) ဗိုလ်မှူးကြီးမြတ်မော် ကာကွယ်ရေးဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့စီးပွားရေးဘဏ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
(ဂ) ဒုတိယဗိုလ်မှူးကြီးကျော်ဌေး ကာကွယ်ရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ပင်စင်ဦးစီးဌာန ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
(ဃ) ဗိုလ်မှူးကြီးအောင်ငြိမ်း ကာကွယ်ရေးဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန
(င) ဗိုလ်မှူးကြီးလှမိုး ကာကွယ်ရေးဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး သမဝါယမ ပို့ကုန်သွင်းကုန်လုပ်ငန်း သမဝါယမဝန်ကြီးဌာန
(စ) ဦးသန်းညွန့် ဒုတိယကျောင်းအုပ်ကြီး မိုးညှင်းဒီဂရီကောလိပ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ကျောင်းအုပ်ကြီး မိုးညှင်းဒီဂရီကောလိပ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန

မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၌ ဒီပလိုမာ (ဗုဒ္ဓဓမ္မ) သင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၉

သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်က ကြီးမှူးဖွင့်လှစ်သော ၂၀၀၅–၂၀၀၆ပညာသင်နှစ် ဒီပလိုမာ (ဗုဒ္ဓဓမ္မ) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး အဓိပတိခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ထားဝယ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်များ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (သင်ကြား) ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဒေါက်တာ ကုမာရာဘိဝံသနှင့် ဆရာတော်များ၊ သင်တန်းသား သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ) ဒေါက်တာမြင့်ကြည်နှင့် လူပုဂ္ဂိုလ်သင်တန်း ဆရာများ၊ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီး ဂေါပက အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓရ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဗိုလ်မှူးကြီးစောမြင့် (ငြိမ်း) နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ချီးမြှင့်တော်မူ

ရှေးဦးစွာ နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ထားဝယ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသက ဩဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(သင်ကြား) ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဒေါက်တာ ကုမာရာဘိဝံသက သင်တန်းသားများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို မိန့်ကြားတော်မူသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်နှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုတို့က ဒုတိယဥက္ကဋ္ဌ ဆရာတော်နှင့် အဖွဲ့ဝင်ဆရာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တာမွေမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူလေးများက မဟာသန္တိသုခ မေတ္တာပို့ ဝတ်ရွတ်စဉ်ဖြင့် ရွတ်ဆိုပူဇော်ကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ဒီပလိုမာ (ဗုဒ္ဓဓမ္မ)သင်တန်းသို့ ပြည်နယ်နှင့် တိုင်းအသီးသီးမှ သင်တန်းသား သံဃာတော် ၁၉ပါး တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်နှစ်ဖြစ်ကြောင်းနှင့် သင်တန်းအတွက် ဦးတင်ထူး–ဒေါ်နွဲ့နွဲ့ဝင်း (ထူးရေခဲမုန့်)မိသားစုက ငွေကျပ်တစ်သိန်းနှင့် ဦးသိန်းဦး–ဒေါ်ခင်ခင်စိန်တို့က ဗလာစာအုပ်ဒါဇင် ၅၀တို့ကို လှူဒါန်းကြသည်။

(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

သာသနာရေး ဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြု တက္ကသိုလ်က ကြီးမှူးဖွင့်လှစ်သော ၂၀၀၅–၂၀၀၆ ပညာသင်နှစ် ဒီပလိုမာ (ဗုဒ္ဓဓမ္မ) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။(သတင်းစဉ်)

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်း အမှတ်–၁၅၃ နေ နှစ်ဖက်သောမိဘများကို အမှူးထား၍ ဦးစောနွဲ့သန်းစိန်(တရားရုံးချုပ်ရှေ့နေ)– ဒေါ်စွဲ့ပဒုမ္မာမိသားစုတို့က ဒဂုံမြို့နယ်၊ အမှတ် (၁၂)၊ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး တိပိဋကကျောင်းတော်၌ တိုးချဲ့ (၆)ထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် သိန်း ၂၀ ကို တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော် ဘဒ္ဒန္တကုလနှပါလထံမှ အနုမောဒနာနာယူပြီး ရေစက်ချ၍ တိ=နိ (ရန်ကုန်ဌာန) ဒုတိယဥက္ကဋ္ဌ ဆရာကြီး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

လှူဒါန်း

ကွယ်လွန်သူ ဦးမောင်စိန်အား ရည်စူး၍ ဒဂုံမြို့နယ်၊ ပြည်လမ်း အရှေ့ရပ်ကွက်၊ စမုံလမ်း အမှတ် ၁၀ (အေ)နေ ဒေါ်တင်မေ မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက် အတွင်းရေးမှူး(၁) ဦးသိန်းအောင် လက်ခံစဉ်။ (က–ပ)

ရေကြည်မြို့နယ် စာကြည့်တိုက်များအတွက် စာအုပ်နှင့် အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၉

ရေကြည်မြို့နယ်အတွင်းရှိ စာကြည့်တိုက်များအတွက် စာအုပ်များနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဇွန် ၂ရက် နံနက် ၁၁နာရီတွင် ရေကြည်မြို့နယ် ခန်းမ၌ကျင်းပရာ ရေကြည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမိုးကျော်သူက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြစီက စာအုပ်လှူဒါန်းပွဲနှင့် အလှူငွေပေးအပ်ပွဲ ပြုလုပ်ရခြင်းကို ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

အဆိုပါ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးက အလှူငွေ ကျပ် ၁၀၀၀၀၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန်းထွေးက အလှူငွေကျပ် ၃၀၀၀၊ ဆောက်လုပ်ရေးအင်ဂျင်နီယာ ဦးသန်းဝင်းက အလှူငွေကျပ် ၅၀၀၀နှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌများက အလှူငွေ ကျပ် ၃၀၅၀၀၊ ဦးကြင်ဌေး (စာရင်းရုံး) ဒေါ်သန်းသန်းအေး မိသားစုက စာအုပ်မျိုးစုံအုပ် ၆၀၊ ဦးသန်းဝင်း (ဆောက်လုပ်ရေး)က စာအုပ် ၅၀နှင့် အခြားအလှူရှင်များက မဂ္ဂဇင်း၊ ဂျာနယ် ၂၈၅အုပ်တို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့

၂၆–၆–၂၀၀၅

International Day Against Drug Abuse and Illicit Trafficking

26-6-2005

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

Value yourself ---make healthy choices

အီရတ်အရပ်သားတစ်ဦးကို သတ်ဖြတ်မှုဖြင့် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး စွဲချက်တင်ခံရ

လန်ဒန် ဇွန် ၈

အီရတ်နိုင်ငံတွင် အမေရိကန် ကြည်းတပ်ဖွဲ့ဝင်များ၏ ပြုမူဆောင်ရွက်ပုံနှင့်ပတ်သက်၍ နောက်ထပ်ထုတ်ဖော်ပြောကြားမှုများကြောင့် ကြည်းတပ်မှ အထက်တန်းတပ်မှူးများ ဂုဏ်သိက္ခာမထိခိုက်စေရေးအတွက် မနည်း ထိန်းသိမ်းနေရချိန်တွင် အီရတ်အရပ်သားတစ်ဦးသေဆုံးမှုစွဲချက်ဖြင့်ဒုတိယမြောက် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးရင်ဆိုင်ရမည်ဖြစ်ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

၁၂ ကြိမ်ပစ်ခတ်

အသက် ၂၃ နှစ်ရှိ ဒုတပ်ကြပ် ဘယ်ရီဆင်ဂယ်တန်သည် စစ်ဆေးရေးဂိတ်သို့ အရှိန်မြင့်၍ မောင်းဝင်ရန်ကြိုးပမ်းသူ ယာဉ်မောင်းတစ်ဦးအား သေနတ်ဖြင့် ၁၂ ကြိမ် ပစ်ခတ်ခဲ့မှုကို စစ်ဆေးခဲ့ပြီးနောက် တရားဝင် စစ်ဘက်ကြားနာစစ်ဆေးမှု ပြုလုပ်ရန် စဉ်းစားလျက်ရှိသည်။

စွဲချက်တင်

လူသတ်မှုအပါအဝင် ဆင်ဂယ်တန်အား စွဲချက်တင်ရန်သင့်၊ မသင့် ဆုံးဖြတ်ချက်သည် အစိုးရရှေ့နေလောဒ်ဂိုးစမစ်က ပါလီမန်တွင်ပြောကြားသွားသည့် ပြောကြားချက်နှင့် တိုက်ဆိုင်လျက်ရှိသည်။ အခြား အီရတ် အရပ်သား သေဆုံးမှုနှင့် ဆက်နွှယ်နေသည့် တပ်ဖွဲ့ဝင် ၁၁ ဦးအားလည်း စွဲချက်တင်ရမည်ဟု ဂိုးလ်စမစ်က ပြောကြားခဲ့သည်။

စစ်ဆေး

အသက် ၂၆ နှစ်အရွယ်ရှိ အီရတ်အရပ်သားတစ်ဦးသေဆုံးမှုဖြင့် ဗြိတိသျှအရာရှိ တစ်ဦးအားလည်း စွဲချက်တင်မည့်ကိစ္စသည် ဂိုးလ်စမစ်ပြောကြားသည့်စာရင်းတွင် ပါဝင်နေသည်။ အီရတ်နိုင်ငံဘာဆာရာမြို့ဟိုတယ်တစ်ခုမှညှင်းပန်းနှိပ်စက်မှုကြောင့် အလုပ်သမားတစ်ဦး…

အီရတ်နိုင်ငံဘာဆာရာမြို့ဟိုတယ်တစ်ခုမှညှော့်ခံကြိုဆိုရေးဝန်ထမ်းဘာဟာမူဆာ သေဆုံးမှုအား စစ်ဆေးနေရာတွင် ဘုရင်မ လန်ကာရှိုင်းယားတပ်ရင်းမှ ဒုတိယ ဗိုလ်မှူးကြီး ဂျော့ဂျ်မင်ဒွင်ကလည်း ပါဝင်လျက်ရှိသည်။ စစ်ဆေးရေးဂိတ်တွင် ပစ်ခတ်မှု ဖြစ်ပွားစဉ်က ဆင်ဂယ်တန်သည် ဘာဆာရာမြို့တွင် တာဝန် ထမ်းဆောင်နေချိန် ဖြစ်သည်။

အင်တာနက်။

တန်ဇန်းနီးယားတွင် ဝါအထွက်ကျဆင်း

ဒါရက်ဆလမ် ဇွန် ၇

တန်ဇန်းနီးယားနိုင်ငံသည် ရာသီဥတု ဆိုးရွားမှုနှင့်ကြုံရသဖြင့် ယခုစိုက်ပျိုးရာသီတွင် ဝါထွက်ရှိမှု ၁၁ ရာခိုင်နှုန်းနီးပါးကျဆင်းမည်ဟု ခန့်မှန်းထားသည်။

တန်ဇန်းနီးယား ဝါလုပ်ငန်းအဖွဲ့က တနင်္လာနေ့တွင်ထုတ်ပြန်သော စာရင်းများအရ ၂၀၀၅–၂၀၀၆ ခုနှစ် စိုက်ပျိုးရာသီတွင် ဝါထွက်ရှိမှုမှာ ကီလိုသန်း ၃၀၀ အထိကျဆင်းသွားမည်ဟု ခန့်မှန်းထားသည်။ ယမန်နှစ်စိုက်ပျိုးရာသီတွင် ဝါထွက်ရှိမှုမှာကီလို၃၃၄ သန်းရှိခဲ့သည်။

ဝါသည် ကော်ဖီပြီးလျှင် တန်ဇန်းနီးယားနိုင်ငံက ပြည်ပသို့ အများဆုံးတင်ပို့သည့် သီးနှံဖြစ်သည်။ ဝါလုပ်ငန်းက ကျေးလက် အိမ်ထောင်စုပေါင်း ၅၀၀၀၀၀ ကျော်ကို အလုပ်အကိုင် ဖန်တီး ပေးထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို ဇွန် ၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အာဖဂန်နစ္စတန်ရှိ ကန်စစ်ဘက်အကျဉ်းစခန်းများတွင် အကျဉ်းသားများအား ရက်အတန်ကြာ ရေမတိုက်ဘဲထား

ကဘူး ဇွန် ၇

အမေရိကန်တပ်ဖွဲ့ဝင်များက အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုနှင့်ပတ်သက်၍ တိုင်တန်းမှုများမြင့်မားနေစဉ် အာဖဂန်နစ္စတန်နိုင်ငံတွင်းရှိသည့် အမေရိကန် အကျဉ်းစခန်းများတွင် အကျဉ်းသားများအား နှိပ်စက်နေမှု နောက်ထပ်ဖြစ်ရပ်များကို အာဖဂန်သတင်းစာတစ်စောင်က တနင်္လာနေ့တွင် ထုတ်ဖော်ရေးသားလိုက်သည်။

အဆိုပါ အကျဉ်းသားများအား အာဖဂန်နစ္စတန်ရှိ အမေရိကန်စစ်တပ် အကျဉ်းစခန်းများတွင် ရက်ပေါင်းများစွာကြာသည့်တိုင်အောင် ရေတိုက်ခြင်းမရှိဘဲ ထိန်းသိမ်းထားခြင်း ဖြစ်သည်ဟု အာမန်အီးမီလီသတင်းစာက ရေးသားထားသည်။

လေးရက်ကြာ

အကျဉ်းသား တစ်ဦးသည် သေအံ့ဆဲဆဲအခြေအနေသို့ရောက်ရှိနေကြောင်း၊ ၎င်းအား လေးရက်ကြာ ရေမတိုက်ဘဲထားကြောင်း အမေရိကန် စစ်တပ်မှ စကားပြန်ဟောင်းဖြစ်သူအား ကိုးကား၍ ဖော်ပြပါ သတင်းစာက ရှေ့ဖုံးစာမျက်နှာတွင် ရေးသားခဲ့သည်။

အခြား အကျဉ်းသားတစ်ဦးအားလည်း နှစ်ရက်ကြာရေမတိုက်ဘဲထားပြီး ရေတိုက်ရမည့်အစား ရေဘူးမှရေများကို မြေကြီးပေါ် သွန်ချခဲ့သည်ဟု အဆိုပါ စကားပြန်အား ကိုးကား၍ သတင်းစာကဆက်လက်ဖော်ပြသည်။

အာဖဂန်နိုင်ငံသား ၄၀၀ကျော်တို့အား တာလီဘန်ပြောက်ကျားများနှင့် အယ်လ်ခိုင်ဒါ ကွန်ရက်နှင့် ဆက်သွယ်မှုရှိသည်ဟူသော စွပ်စွဲချက်ဖြင့် ဖမ်းဆီးကာ အာဖဂန်နစ္စတန်နိုင်ငံအတွင်းရှိ အမေရိကန် စစ်အကျဉ်းစခန်း ၂၃ ခုအတွင်း ထိန်းသိမ်းခဲ့သည်ဟု အာဖဂန်သတင်းရပ်ကွက်များက ပြောကြားသည်။

အမေရိကန်စစ်ဘက်အကျဉ်းစခန်း ဘက်ဂရမ်တွင် အာဖဂန်နိုင်ငံသား နှစ်ဦးထက်မနည်း ၂၀၀၂ခုနှစ်နောက်ပိုင်းက သေဆုံးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာ သတင်းများ

မလက္ကာရေလက်ကြား လုံခြုံရေးအစီအစဉ် ရေးဆွဲရာတွင် အချုပ်အခြာအာဏာပိုင်စိုးမှုကို ထိပါးခြင်းမရှိသင့်ဟုဆို

စင်ကာပူ ဇွန် ၇

မလက္ကာရေလက်ကြားလုံခြုံရေးအတွက် မည်သို့သော အစီအစဉ်မျိုးကိုမဆို ရေးဆွဲချမှတ်ရာတွင် ယင်းရေလက်ကြားနှင့် ဆက်စပ်တည်ရှိနေသော နိုင်ငံများ၏ ပိုင်နက်နယ်မြေ စုစည်းတည်ရှိမှုနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်စိုးမှုတို့ကို ထိပါးမှုမရှိရန်လိုအပ်ကြောင်း မလေးရှားဒုတိယဝန်ကြီးချုပ် ဒါတိုဆရီနာဂျစ်တွန်ရာဇတ်က ၎င်းနိုင်ငံ၏ ရပ်တည်ချက်နှင့်ပတ်သက်၍ အခိုင်အမာပြောကြားလိုက်သည်။

မလက္ကာရေလက်ကြား လုံခြုံရေးအစီအစဉ်များကို ချမှတ်ဆောင်ရွက်ရာတွင် ရေလက်ကြားဒေသနှင့် ယှဉ်တွဲတည်ရှိနေသော ကမ်းရိုးတန်းနိုင်ငံများ၏ အခန်းကဏ္ဍမှာ အဓိက ဖြစ်ကြောင်း၊ မလက္ကာရေလက်ကြား လုံခြုံရေးတိုးတက်စေရန် ရည်ရွယ်သော အစီအစဉ်များကို အကောင်အထည်ဖော်ရာတွင် ယင်းနိုင်ငံများ၏ တာဝန်ယူမှုသည် အခြေခံကျကျ ရှိနေကြောင်း လန်ဒန်အခြေစိုက် နိုင်ငံတကာ မဟာဗျူဟာလေ့လာရေးသိပ္ပံက ကမကထပြုကျင်းပသော အာရှလုံခြုံရေးညီလာခံတွင် မိန့်ခွန်းပြောကြားရာ၌ မလေးရှားဒုတိယဝန်ကြီးချုပ်က ဖော်ပြသည်။

အကန့်အသတ်ရှိ

သို့ရာတွင် မလက္ကာရေလက်ကြား လုံခြုံရေးကို ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံများသည် ခနဉစ္စာအရ လည်းကောင်း၊ စွမ်းဆောင်ရည်အရ လည်းကောင်း၊ လူအင်အားအရလည်းကောင်း အကန့်အသတ်များ ရှိနေသည်ဟု ၎င်းက ဝန်ခံပြောဆိုသည်။

လိုအပ်

မလက္ကာရေလက်ကြား ဒေသ၏ လုံခြုံရေးကို မြှင့်တင်ရာတွင် ဘဏ္ဍာရေးအရ၊ လုပ်ငန်း ဆောင်ရွက်ချက်အရနှင့် မဟာဗျူဟာအရ မိမိတို့ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

ပယ်ချ

မလက္ကာရေလက်ကြားတွင် နိုင်ငံခြားပင်လယ်ကူးသင်္ဘောများ၏ ဘေးရန်လုံခြုံရေးအတွက် သက်ဆိုင်ရာနိုင်ငံ၏ ရေတပ် သို့မဟုတ် ကမ်းရိုးတန်းစောင့်တပ်ဖွဲ့က အစောင့်အကြပ်အဖြစ် လိုက်ပါသင့်သည်ဆိုသော အယူအဆကို မလေးရှားဒုတိယဝန်ကြီးချုပ်က ပယ်ချလိုက်သည်။

မလက္ကာရေလက်ကြားတွင် အစုန်အဆန် ကူးလူးသွားလာနေကြသော သင်္ဘောများ လုံခြုံရေးအတွက် ပုဂ္ဂလိက လုံခြုံရေးကုမ္ပဏီများ တာဝန်ယူရန် ဥပဒေစည်းမျဉ်းများ ရေးဆွဲချမှတ်သင့်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ရာမာဒီမြို့တွင် လုံခြုံရေး စောင့်ကြပ်နေသော အမေရိကန်မရိန်း တပ်ဖွဲ့ဝင်တစ်ဦးကို ဇွန် ၇ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အီရတ်၌တာဝန်ထမ်းဆောင်သည့် ကန်တပ်ဖွဲ့ဝင်များ မေလတွင် သေဆုံးမှုအများဆုံးဖြစ်ဟုဆို

ဝါရှင်တန် ဇွန် ၈

အချိန်ပိုင်း တာဝန်ထမ်းဆောင်သူ အမေရိကန်တပ်ဖွဲ့ဝင်များအတွက် မေလသည် အီရတ်စစ်ပွဲတွင် လူသေမှုအများဆုံးသောလ ဖြစ်ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

၎င်းတပ်ဖွဲ့ဝင်တို့အနက်မှ ၃၁ ဦးသေဆုံးခဲ့ရာ ကြည်းတပ် အမျိုးသားအစောင့်တပ်ဖွဲ့ဝင် ၁၄ ဦး၊ မရိန်းအရန်တပ်ဖွဲ့ဝင် ၁၂ ဦး၊ ကြည်းတပ်အရန်တပ်ဖွဲ့ဝင်လေးဦးနှင့် မရိန်းတိုက်ခိုက်ရေးတပ်ဖွဲ့မှ တစ်ဦးတို့ ဖြစ်သည်။

သိသိသာသာတိုးမြင့်

အီရတ်နိုင်ငံအတွင်း လွန်ခဲ့သည့်လက သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းသည် တာဝန်ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်နှင့်စုဆောင်းထားသည့် အရန်တပ်ဖွဲ့ဝင်အားလုံး ၈၀ ဖြစ်သည်။ ခုခံ တိုက်ခိုက်မှုများ အီရတ်ရွေးကောက်ပွဲ မကျင်းပမီ သိသိသာသာ တိုးမြင့်လာခဲ့ရာ တပ်ဖွဲ့ဝင် ၁၀၇ ဦး သေဆုံးခဲ့ကြသည်။ ယင်းအရေအတွက်သည် ဇန်နဝါရီလ နောက်ပိုင်းတွင် အများဆုံးသေဆုံးခဲ့သည့် အရေအတွက်ဖြစ်သည်။ တွန်းလှန်တိုက်ခိုက်မှုများ ကျဆင်းခဲ့သည့် ဧပြီလတွင် ၅၂ ဦးသေဆုံးခဲ့ပြီး မတ်လတွင် ၃၆ ဦးသေဆုံးခဲ့သည်။

အီရတ်နိုင်ငံတွင် မေလအတွင်း တွန်းလှန်တိုက်ခိုက်ရေးသမားများ၏ တိုက်ခိုက်မှုတွင် အီရတ်နိုင်ငံသားများ အများအပြားသေဆုံးကြရသည်။

အင်တာနက်။

ပြင်သစ်နှင့်အီတလီဆက်သွယ်ထားသော ဥမင်အတွင်းမီးလောင်၊အနည်းဆုံး နှစ်ဦးသေဆုံး

ရောမ ဇွန် ၇

ပြင်သစ်နှင့် အီတလီနှစ်နိုင်ငံကို ဆက်သွယ်ထားသော ဖရီဂျပ်စ် ဥမင်အတွင်း၌ ဇွန် ၄ရက်နေ့က မီးလောင်မှုဖြစ်ပွားရာ အနည်းဆုံး လူနှစ်ဦးသေဆုံးခဲ့ရကြောင်း အင်ဆာ အီတလီသတင်းဌာနက ဖော်ပြသည်။

မော်တော်ကားတာယာများ တင်ဆောင်လာသော ကားမီးလောင်ရာမှ စတင်ဖြစ်ပွားသော ဥမင်မီးလောင်မှုတွင် လူ၂၀မှာ မီးခိုးများမွန်းကျပ်သည့် ဝေဒနာကိုခံစားကြရသည်။ ယခုအခါ ထိုလူနာများ၏ အခြေအနေသည် တည်ငြိမ်နေပြီဖြစ်ကြောင်း သတင်းကဆိုသည်။

အရှည် ၁၃ကီလိုမီတာရှိသည့် ဥမင်အတွင်း မီးလောင်မှုတွင်မီးသည် အခြားထရပ်ကားများသို့ပါ ဆက်လက်ကူးစက်သွားသဖြင့်အခြေအနေမှာ ဆိုးရွားသွားခြင်းဖြစ်သည်။ ယခုတိုင်အောင် မီးခိုးထူထဲစွာ ရှိနေသောကြောင့် ဥမင်အတွင်း တစ်ကီလိုမီတာမျှသော အစိတ်အပိုင်းကို အဝင်အထွက် လုပ်နိုင်ခြင်းမရှိကြောင်း ရဲတပ်ဖွဲ့များက ပြောကြားသည်။

မီးလောင်မှုကြောင့် ဥမင်အမိုးပိုင်း ပျက်စီးမှု ရှိနိုင်သည့်အတွက် ဥမင်ပြိုကျနိုင်မည့်အန္တရာယ်ကို စိုးရိမ်နေရသည်။ သို့ဖြစ်၍ ဥမင်တွင်း အသွားအလာကို ရက်အကန့်အသတ်မရှိ ပိတ်ထားမည်ဖြစ်ကြောင်း အီတလီကယ်ဆယ်ရေးဆောင်ရွက်သူများထံမှ ထွက်လာသော သတင်းအရ သိရသည်။ ဥမင်အတွင်း မီးလောင်မှုဖြစ်ပွားရသော အကြောင်းရင်းကို စုံစမ်းနေဆဲဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

မလေးရှားပြည်ပကုန်သွယ်ရေး ပိုငွေဆက်လက်ပြသ ယခုနှစ် ဧပြီလ ပို့ကုန်တန်ဖိုး ဒေါ်လာ ၁၁ ဘီလီယံကျော်ရှိ

ကွာလာလမ်ပူ ဇွန် ၇

မလေးရှားနိုင်ငံ၏ ပြည်ပကုန်သွယ်ရေးသည် ဧပြီလတွင် ဆက်လက်တိုးတက်လျက်ရှိသည်ကို ဖော်ပြနေကြောင်း ဇွန် ၄ ရက်က ထုတ်ပြန်သော ဌာနဆိုင်ရာကြေညာချက်တွင် ဖော်ပြပါရှိသည်။

ယခင်နှစ် ဧပြီလက အခြေအနေနှင့် နှိုင်းယှဉ်လျှင် ယခုနှစ် ဧပြီလတွင် ပို့ကုန်သည် ၉ဒသမ၄ ရာခိုင်နှုန်း ပိုမိုတိုးတက်လာပြီး သွင်းကုန်ပိုင်း၌လည်း ၄ဒသမ၇ ရာခိုင်နှုန်း တိုးတက်လာသည်ဟု ရေးသားထားသည်။

ထုတ်ပြန်ကြေညာ

မလေးရှားနိုင်ငံ၏ ကုန်သွယ်ရေးတွင် ၁၉၉၇ ခုနှစ် နိုဝင်ဘာမှစ၍ ယခုနှစ်ဧပြီလအထိ ဆက်တိုက် ပိုငွေပြလာသည်မှာ လပေါင်း ၉၀ပြည့်ခဲ့ပြီဖြစ်ကြောင်း မလေးရှား အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန (အမ်အိုင်တီအိုင်) က ထုတ်ပြန်ကြေညာသည်။ ၂၀၀၄ ခုနှစ် ဧပြီလနှင့် နှိုင်းယှဉ်လျှင် ယခုဧပြီလ၏ ပိုငွေသည် ယခင်နှစ်တိုလကထက် ၃၅ဒသမ၃ ရာခိုင်နှုန်း ပိုမိုလာပြီး ငွေကြေးအားဖြင့်ဆိုလျှင် အမေရိကန်ဒေါ်လာ ၂ဒသမ၁၇ ဘီလီယံဖိုးရှိကြောင်း သိရသည်။

ယခုနှစ်ဧပြီလအတွက် ပို့ကုန်တန်ဖိုးစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၁၁ဒသမ၄၂ ဘီလီယံရှိရာ လအလိုက် ပို့ကုန်တန်ဖိုးတွင် အမြင့်ဆုံးပမာဏပင်ဖြစ်သည်ဟုဆိုသည်။ ထိုသို့ ပို့ကုန်တန်ဖိုး မြင့်တက်ရခြင်းသည် အဓိကအားဖြင့် လျှပ်စစ်နှင့် အီလက်ထရွန်းနစ်ပစ္စည်းများ (အီးအင်အီး)၊ ရေနံစိမ်း၊ ရေနံထွက်ပစ္စည်းနှင့် သဘာဝဓာတ်ငွေ့ရည် (အယ်လ်အင်ဂျီ)တို့ တင်ပို့နိုင်ခြင်းကြောင့်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ရေးသားထားသည်။

မလေးရှား၏ ပို့ကုန်များတင်ပို့မှုကို ဈေးကွက်အလိုက် ကြည့်မည်ဆိုပါက အာဆီယံဈေးကွက်သို့ တင်ပို့ရာတွင် ၁၈ဒသမ၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး အမေရိကန်သို့ ပို့ကုန်ပမာဏတွင် ၁၆ဒသမ၂၊ ဩစတြေးလျသို့ ပို့ကုန်တွင် ၃၈ဒသမ၁ ရာခိုင်နှုန်း၊ တောင်ကိုရီးယားသို့ ပို့ကုန်တွင် ၁၂ဒသမ၃၊ နယ်သာလန်သို့ ပို့ကုန်တွင် ၁၂ဒသမ၂ ရာခိုင်နှုန်းနှင့် အာရပ်စော်ဘွားများပြည်ထောင်စုသို့ ပို့ကုန်တွင် ၂၂ဒသမ၃ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။

ယခုနှစ် ဧပြီလတွင် သွင်းကုန်တန်ဖိုးသည် ၂၀၀၄ ခုနှစ် ဧပြီလကထက် ၄ဒသမ၇ ရာခိုင်နှုန်း ပိုမိုများပြားလာသည်။ တန်ဖိုးအားဖြင့်ဆိုပါက ၂၀၀၄ ခုနှစ် ဧပြီလက သွင်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၈ဒသမ၈၂ ဘီလီယံရှိပြီး ယခုနှစ် ဧပြီလ သွင်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၉ဒသမ၂၄ ဘီလီယံရှိသည်။

တိုးမြှင့်တင်ပို့

ထိုသို့ သွင်းကုန်တန်ဖိုး များပြားလာရခြင်းသည် ကြားအဆင့် ကုန်ပစ္စည်းနှင့် ရင်းနှီးကုန်ပစ္စည်းများ တိုးမြှင့်တင်ပို့ခြင်းကြောင့် ဖြစ်သည်ဟု ဆိုသည်။

သွင်းကုန်များကို တင်သွင်းရာတွင် အာဆီယံနိုင်ငံများမှ သွင်းကုန်ပမာဏသည် စုစုပေါင်း သွင်းကုန်၏ ၂၃ဒသမ ၉ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပြီး ဂျပန်မှ သွင်းကုန်သည် ၁၄ဒသမ၁ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာတွင်ရှိကာ အမေရိကန်မှ သွင်းကုန်သည် ၁၃ဒသမ ၈ ရာခိုင်နှုန်းဖြင့် တတိယနေရာတွင် ရှိသည်ကို တွေ့ရသည်။

ဧပြီလတွင် အာဆီယံနိုင်ငံများမှ သွင်းယူသော စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂ဒသမ ၂၁ ဘီလီယံဖိုး ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကြည့်ရှု

ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံး အင်တာနက် ဈေးကွက်တည်ရှိရာ တရုတ်နိုင်ငံတွင် လူငယ်များ အင်တာနက် ကြည့်ရှုနေသည်ကို ဇွန် ၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အင်ဒိုနီးရှားနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ဒေါ်လာ ၈ ဒသမ ၁၁ ဘီလီယံ လိုအပ်

ဂျကာတာ ဇွန် ၈

အင်ဒိုနီးရှားနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသည် လာမည့်ငါးနှစ်တာကာလအတွင်း နှစ်စဉ်တိုးတက်နှုန်း ၃ ဒသမ ၅၈ ရာခိုင်နှုန်း မြင့်တက်လာစေရေးအတွက် အရင်းအနှီးသစ် အမေရိကန်ဒေါ်လာ ၈ ဒသမ ၁၁ ဘီလီယံ လိုအပ်လျက်ရှိကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာန ဝန်ကြီး အင်တွန်အပရီယန်တိုနို၏ ပြောကြားချက် ကို ကိုးကားလျက် ဂျကာတာပို့စ်သတင်းစာက အင်္ဂါနေ့တွင် ဖော်ပြသည်။

အရင်းအနှီးသစ်ကို ကောက်ပဲသီးနှံစိုက်ပျိုးရေးလုပ်ငန်း၊ သစ်သီးဝလံ ပန်းမာန်ဥယျာဉ် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းတို့နှင့် ဆက်နွှယ်နေသည့် ဝန်ကြီးဌာန၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်လုပ်ငန်းတွင် အသုံးပြုမည်ဖြစ်သည်။

အစိုးရ၏ အဓိကဦးတည်ချက်မှာ တောင်သူများအတွက် ငွေကြေးစီမံကိန်းများ ချမှတ်ပေးရန်နှင့် ကျေးလက်အခြေခံအဆောက်အအုံများ ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတို့ကို ဆောင်ရွက်ပေးရန်ဖြစ်သည်။ နိုင်ငံတွင်း ယိုယွင်းနေသော စိုက်ပျိုးရေး အခြေခံအဆောက်အအုံများ အထူးသဖြင့် ဆည်ရေပေးစနစ် တိုးတက်လာစေရန်အတွက် ရန်ပုံငွေသစ်များ လိုအပ်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ထိုင်းတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် အိန္ဒိယစီးပွားရေးသမားများကို တိုက်တွန်း

နယူးဒေလီ ဇွန် ၈

အိန္ဒိယ စီးပွားရေးလုပ်ငန်းရှင်များနှင့် ကွန်ပျူတာဆော့ဖ်ဝဲ ကျွမ်းကျင်သူများသည် ထိုင်းနိုင်ငံ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြရန် ထိုင်းနိုင်ငံဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်က ပြောကြားသည်ဟု အင်ဒို–အာရှ သတင်းဌာန၏ ယမန်နေ့သတင်းတွင် ဖော်ပြခဲ့သည်။

ထိုင်းဝန်ကြီးချုပ်သည် အိန္ဒိယနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေစဉ် အိန္ဒိယလုပ်ငန်းရှင် အကြီးအကဲများနှင့် တွေ့ဆုံရာ၌ အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ ထို့အပြင် နှစ်နိုင်ငံကုန်သွယ်ရေးတွင် လွတ်လပ်စွာ ကုန်သွယ်ရေးလုပ်ဆောင်မှုကို အိန္ဒိယလုပ်ငန်းရှင်များက အားပေးကြရန် ထိုင်းဝန်ကြီးချုပ်က တိုက်တွန်းခဲ့သည်။

အိန္ဒိယ လုပ်ငန်းရှင်များအနေဖြင့် ထိုင်းနိုင်ငံတွင် လာရောက် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ရန် ကုန်သွယ်ရေး အတားအဆီးများကိုလည်း လျှော့ပေါ့မှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ်က ကတိပေးစကားဆိုခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အိန္ဒိယနိုင်ငံ မြို့တော်နယူးဒေလီရှိ ရှေးဟောင်း ခံတပ်ဖြစ်သည့် ရက်ဒ်ဖို့တ်တွင် ကမ္ဘာလှည့်ခရီးသည်များ ကြည့်ရှုလေ့လာနေသည်ကို ဇွန် ၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)



နှစ်စဉ် တစ်ဦးချင်းဝင်ငွေမြင့်မားရေး ဗီယက်နမ်ကြိုးပမ်းမည် လူမှုရေးနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် လျာထားချက်များ ချမှတ်

ဟနွိုင်း ဇွန် ၈

ဗီယက်နမ်နိုင်ငံသည် လာမည့်ငါးနှစ်တာကာလအတွင်း နှစ်စဉ်တစ်ဦးချင်းဝင်ငွေကို အမေရိကန်ဒေါ်လာ ၉၀၀ ထက်မနည်းရရှိစေရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ် ဗူခွန်က အစိုးရတာဝန်ရှိသူများနှင့် နိုင်ငံခြားအလှူရှင်နိုင်ငံများမှ ကိုယ်စားလှယ်များ၏ အစည်းအဝေးတွင် ပြောကြားသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၀၆–၂၀၁၀ ပြည့်နှစ်ကာလအတွင်း နိုင်ငံတော်၏ လူမှုရေးနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများအတွက် ကြိုးပမ်းဆောင်ရွက်ရာ၌ ဒေသခံပြည်သူများ၊ နိုင်ငံတကာ အသိုက်အဝန်း၊ ကျွမ်းကျင်သူပညာရှင်များနှင့် အလှူရှင်နိုင်ငံများ၏ ပါဝင်ဆောင်ရွက်မှု မြင့်မားတိုးတက်လာစေရန် မြှင့်တင်အားပေးမည်ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံတွင် ထုတ်ဝေသော ရင်းနှီးမြှုပ်နှံမှုအမည်ရှိ သတင်းစာက ဒုတိယဝန်ကြီးချုပ်၏ ပြောကြားချက်ကို ကိုးကားလျက် တနင်္လာနေ့တွင် ရေးသားဖော်ပြသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၁၀ ပြည့်နှစ်တွင် တစ်ဦးကျ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ)ကို ဒေါ်လာ ၉၅၀မှ ၁၀၀၀ အထိ ရောက်ရှိလာရန် လျာထားချက် ချမှတ်ထားကြောင်း၊ ယင်းမှာ ၂၀၀၀ပြည့်နှစ်ကထက် နှစ်ဆကျော် မြင့်မားတိုးတက်ရန်ဖြစ်ကြောင်း၊ ယခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၏ ဂျီဒီပီတန်ဖိုးသည် ဒေါ်လာ ဘီလီယံ ၅၀၊ သို့မဟုတ် တစ်ဦးကျ ဂျီဒီပီ ဒေါ်လာ ၆၀၀ ရှိမည်ဟု ခန့်မှန်းရကြောင်း ဒုတိယဝန်ကြီးက ပြောကြားသည်။

ဗီယက်နမ်အစိုးရသည် လာမည့်နှစ်တွင် ဂျီဒီပီဖွံ့ဖြိုးတိုးတက်မှု ၈ရာခိုင်နှုန်းရှိစေရန် လျာထားကြောင်း၊ ယခုနှစ်၏ ဂျီဒီပီတိုးတက်နှုန်းမှာ ၈ဒသမ၅ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းရာ လွန်ခဲ့သည့်နှစ်က ရှိခဲ့သည့် တိုးတက်မှုနှုန်းဖြစ်သော ၇ ဒသမ၇ ရာခိုင်နှုန်းထက် ပိုမိုသာလွန်ကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တန်ဇန်းနီးယားတွင် ဆေးခြောက် သိမ်းဆည်းရမိ

ဒါရက်ဆလမ် ဇွန် ၇

တန်ဇန်းနီးယားနိုင်ငံ ရဲတပ်ဖွဲ့သည် လွန်ခဲ့သည့် လေးနှစ်တာကာလအတွင်း နိုင်ငံမြောက်ပိုင်းရှိ ခရိုင်တစ်ခရိုင်တွင် ဆေးခြောက်ကီလို ၁ ဒသမ ၂ သန်းကျော်ကို သိမ်းဆည်းလိုက်သည်။

တာရမ်းခရိုင်တွင် ဆေးခြောက် ၁၂၁၁၉၅၀ ကီလို သိမ်းဆည်းရမိခြင်းနှင့်ပတ်သက်၍ တနင်္ဂနွေနေ့တွင် ကျင်းပသော တန်ဇန်းနီးယား မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ကော်မရှင် ဆွေးနွေးပွဲတွင် ထုတ်ဖော်ပြောကြားလိုက်သည်။ ယင်းဆေးခြောက်များကို ၂၀၀၁ ခုနှစ် မေလနှင့် ၂၀၀၅ ခုနှစ် မေလအတွင်း သိမ်းဆည်းရမိခြင်းဖြစ်သည်။ ဆေးခြောက် စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ခြင်းတို့ကြောင့် လူပေါင်း ၃၄၇ ဦးကို ရဲတပ်ဖွဲ့က ထိန်းသိမ်းထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံကူးလက်မှတ် အမျိုးအစားသစ် ထုတ်ပေးနိုင်ရေး ဂျပန်ပါလီမန် အတည်ပြု

တိုကျို ဇွန် ၈

နိုင်ငံကူးလက်မှတ်များကို အတုအပပြုလုပ်နိုင်ခြင်းမရှိစေရန်လည်းကောင်း၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးလုပ်ငန်းအတွက် အထောက်အကူရရှိစေရန် လည်းကောင်း၊ နိုင်ငံကူးလက်မှတ် အမျိုးအစားသစ်တစ်မျိုး ပြဋ္ဌာန်းရေးအပါအဝင် နိုင်ငံကူးလက်မှတ်ဆိုင်ရာဥပဒေတွင် ပြင်ဆင်ချက်များ ထည့်သွင်းရန် အဆိုပြုချက်ကို ဂျပန်ပါလီမန်က သောကြာနေ့တွင် အတည်ပြုလိုက်သည်။

ဂျပန်ပါလီမန်က အတည်ပြုလိုက်သော နိုင်ငံကူးလက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ဥပဒေပြင်ဆင်ချက်တွင် နိုင်ငံကူးလက်မှတ်အမျိုးအစားသစ်ထုတ်ပေးရန် စည်းမျဉ်းသတ်မှတ်ချက်တစ်ရပ်ပါဝင်သည်။ ယင်းနိုင်ငံကူး လက်မှတ်အမျိုးအစားသစ်မှာ နိုင်ငံကူးလက်မှတ်နှင့်အတူ ဓာတ်စီးပတ်လမ်း (အိုင်စီ)ချစ်(ပ်) ပါရှိမည်ဖြစ်ပြီး ဂျပန်အစိုးရက လာမည့်နှစ် မတ်လမှစ၍ ယင်းသို့သော နိုင်ငံကူးလက်မှတ်သစ်ကို စတင်ထုတ်ပေးနိုင်မည်ဟု မျှော်လင့်သည်။

နိုင်ငံကူးလက်မှတ်များကို အတုအပပြုလုပ်ခြင်း၊ နိုင်ငံကူးလက်မှတ်များကို တရားမဝင်အသုံးပြုခြင်း ကျူးလွန်ပါက ထောင်ဒဏ်ငါးနှစ် သို့မဟုတ် ဒဏ်ငွေယန်း သုံးသန်း (အမေရိကန်ဒေါ်လာ ၂၇၇၀၀) အထိ ပြစ်ဒဏ်ချမှတ်မှု တိုးမြှင့်ရန် ဥပဒေပြင်ဆင်ချက်တွင် ဖော်ပြထားသည်။ လက်ရှိဥပဒေအရမူ ယင်းသို့သော ပြစ်မှုအတွက် ထောင်ဒဏ်သုံးနှစ် သို့မဟုတ် ဒဏ်ငွေ ယန်း ၃၀၀၀၀၀ ချမှတ်ရန် ဖော်ပြထားသည်။ နိုင်ငံကူးလက်မှတ် အမျိုးအစားသစ်၏ အိုင်စီချစ်(ပ်)တွင် သက်ဆိုင်သူပုဂ္ဂိုလ်၏ အမည်၊ မွေးသက္ကရာဇ်၊ ဓာတ်ပုံ၊ ထုတ်ပေးမှုမှန်ကန်ကြောင်း အတည်ပြုချက်စသည်တို့ ပါဝင်မည်ဖြစ်ပြီး နိုင်ငံကူးလက်မှတ် အတုအပပြုလုပ်ခြင်းမှ တားဆီးကာကွယ်နိုင်မည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကျိုက်လတ်မြို့က ဦးသုခစာကြည့်တိုက်

ချစ်နိုင်(စိတ်ပညာ)

လူတွေဟာ တစ်နှစ်မှာ ရက်ပေါင်း ၃၆၅ ရက် နေထိုင်ဖြတ်သန်းကြရာ အချို့ရက်တွေကို ဘာသိ ဘာသာကျော်လွန်သွားတာတွေလည်း ရှိတတ်တယ်။ အချို့ရက်တွေကိုတော့ ဘဝတစ်သက်တာ မမေ့နိုင်တော့ဘဲ စွဲစွဲမြဲမြဲအမှတ်ရသွားရတာလည်း ရှိတတ်တယ်။ အပျော်ဆုံးနေ့ဆိုတာ ရှင်လိင်ပြန်တဲ့နေ့၊ မင်္ဂလာဆောင်တဲ့နေ့၊ ထောင်ကျဖူးသူအဖို့တော့ ထောင်ကထွက်တဲ့နေ့ရယ်စသည်ဖြင့် ဘဝပြက္ခဒိန်မှာ အမှတ်တရ ရက်တွေ ဖြစ်နေတတ်တယ်။

စာရေးသူရဲ့ ဘဝတစ်သက်တာမှာ အသက်ငါးဆယ်ကျော်မှ ချမ်းမြေ့ကြည်နူးပြီး တစ်နေကုန်ပျော်ရွှင်ဝမ်းသာရတဲ့ နေ့တစ်နေ့ကို မကြာမီက တွေ့ကြုံခဲ့ရတယ်။ အဲဒါကတော့ ဧရာဝတီတိုင်း ဖျာပုံခရိုင် ကျိုက်လတ်မြို့သို့ ရန်ကုန်မှ နေ့ချင်းပြန်သွားရောက်ပြီး ကျိုက်လတ် အမှတ် (၅) ရပ်ကွက်မှာ ထူထောင်ဖွင့်လှစ်တဲ့ ဦးသုခစာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်ရတဲ့ ၃–၆–၂၀၀၅ (သောကြာနေ့)ပဲ ဖြစ်ပါတယ်။

တစ်ပတ်ခန့် ကြိုတင်စီစဉ်တိုင်ပင်ပြီး ရန်ကုန်မှ နံနက် ၇နာရီထွက်၊ ကျိုက်လတ်မြို့သို့ ၉နာရီ ၁၅ ရောက်၊ ၉နာရီခွဲမှာ ဦးသုခစာကြည့် တိုက်ကို မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်ပါတယ်။ ရန်ကုန်မှကားတစ်စီးနဲ့ တကူးတကန့်သွားပြီး တက်ရောက် အားပေးကြသူတွေက ဝိဇ္ဇာပညာထူးချွန်တံဆိပ်ရ ရုပ်ရှင်နဲ့ ပြဇာတ်ဒါရိုက်တာ ဂီတစာဆို ဗိုလ်ကလေးတင့်အောင်၊ ကျိုက်လတ်မြို့နယ်အသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဗိုလ်မှူးမောင်ငြိမ်း (အငြိမ်းစား)၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့် (စီးပွားရေးလုပ်ငန်းရှင်)၊ ကျိုက်လတ်မြို့ဇာတိ အငြိမ်းစားသံအမတ်ကြီး ဦးမောင်မောင်စိုးတင့်နဲ့ စာရေးသူတို့ ဖြစ်ပါတယ်။ ငါးယောက်သားကားတစ်စီးနဲ့ ခရီးနှင်ခဲ့တယ်။ ရန်ကုန်နဲ့ ကျိုက်လတ်ဟာ ဟိုရှေးယခင်ကရေလမ်းခရီးနဲ့ ငါးနာရီ၊ ခြောက်နာရီကြာမျှ စီးကြရပါတယ်။ ရေတက်ရေကျလည်း မူတည်သေးတယ်။ ပျမ်းမျှအနေအထားကို ပြောရတာ၊ ဒီထက်ကြာချင်ကြာတတ်တယ်။

တံတားကြီးတွေဆောက်၊ ကားလမ်း၊ ကတ္တရာလမ်း ကျယ်ကြီးတွေဖောက်ပြီးတဲ့ ယနေ့ကာလမှာ မိုင် ၈၀ ခန့်ရှိတဲ့ ရန်ကုန်– ကျိုက်လတ်ခရီးဟာ မိမိကိုယ်ပိုင်ကားနဲ့ဆိုရင် အချိန် နှစ်နာရီပဲ။ ဘတ်စ်ကားကြီးများနဲ့ ဆိုရင် သုံးနာရီပေါ့။ ယခင်ကာလထက် အချိန်ထက်ဝက်မျှလောက် သက်သာသွားတယ်။

–ရန်ကုန်–ဆားမလောက် ၃၆ မိုင်
–ဆားမလောက်–မအူပင် ၂၂ မိုင်
–မအူပင်–ကျိုက်လတ် ၁၈ မိုင်

စုစုပေါင်း ရန်ကုန်–ကျိုက်လတ် ၇၆ မိုင်၊ အသွားအပြန်ဆိုတော့ မိုင် ၁၅၀–၁၆၀ နီးပါးဆိုရမှာပေါ့။ နေ့ချင်းပြန် သွားလာရတာ လွယ်ကူချောမွေ့ပါရဲ့ဗျာ။

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဦးမောင်ငြိမ်းက ကိုယ်တိုင်ကားမောင်းတယ်။ အဖွဲ့ခေါင်းဆောင်က ဗိုလ်ကလေးတင့်အောင်ပေါ့။ ကားပေါ်ပါတဲ့ ပုဂ္ဂိုလ်တွေကို စိတ်ကူးထဲမှာ အသက် ဝါစဉ်လိုက်ရင် ဗိုလ်ကလေးတင့်အောင်ကို အားလုံးက အစ်ကိုလေး၊ အစ်ကိုလေးနဲ့ ခေါ်ဝေါ်နေကြပေမယ့် သူက အသက် (၈၃) နှစ်ရှိနေပြီ။ ၃–၆–၂၀၀၅ ရက်နေ့ဟာ အစ်ကိုလေးရဲ့ (၈၃) နှစ်ပြည့်တဲ့မွေးနေ့ပဲ။ နံနက်က သူ့အိမ်မှာ သံဃာတော်များ အရဏ်ဆွမ်းကပ်နေလို့ ၆ နာရီခွဲမှ သူ့ကို သွားခေါ်ရတာ။ ခုနစ်ထပ်တိုက်ပေါ်ကို နေ့စဉ်ဆင်းတက်နဲ့ ပေါ့ပါးဆဲပါပဲ။ အငြိမ်းစားသံအမတ်ကြီး ဦးမောင်မောင်စိုးတင့်က အသက် (၇၃) နှစ်ရှိပါပြီ။ ဆရာငြိမ်းနဲ့ ဆရာဦးကျော်မြင့်တို့က ၆၀ ကျော်တွေ။ စာရေးသူကတော့ အသက် (၅၀) ကျော်နဲ့ သူတို့အထဲမှာ အသက်အငယ်ဆုံးပေါ့။

ခင်မင်ရင်းနှီးတဲ့ပုဂ္ဂိုလ်များနဲ့ ယခုလို သာယာလှပတဲ့ စိမ်းစိမ်းစိုစို လယ်ကွင်းနဲ့ ငါးကန်တွေ၊ မြို့ရွာရှုခင်းတွေကို ဖြတ်သန်းပြီး စကားတပြောပြော ခရီးသွားရတာ ပျော်စရာတစ်မျိုးပါပဲ။ ရှေးဟောင်း နှောင်းဖြစ်တွေပြောပြီး လွမ်းစရာကိုလွမ်းကြ၊ ရယ်စရာကို ရယ်မောကြနဲ့ အမှတ်တရခရီးတစ်ခု အမှန်ပဲဗျ။ သူတို့လေးဦးစလုံးက ကျိုက်လတ်မွေး၊ ကျိုက်လတ်ကြီးတွေမို့ သူ့ရပ်ရွာဇာတိဆိုပါတော့။

သူတို့မြို့က ရပ်ကွက်ခြောက်ခုရှိသတဲ့။ ရပ်ကွက်ခြောက်ရပ်ကွက်စလုံးမှာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွေ အသီးသီးရှိခဲ့ကြပြီးပြီ။ ကျေးရွာပေါင်း ၄၂၁ ရွာမှာ စာကြည့်တိုက်တွေ ဖွင့်ပြီးတဲ့ရွာလည်း ၂၆၇ ရွာ ရှိခဲ့ပြီတဲ့။ ဖွင့်ရန်ကျန်သေးတဲ့ ၁၃၂ ရွာမှာ စာကြည့်တိုက်တွေကို ဒီနှစ်အတွင်းမှာပဲ ပြီးစီးအောင် စဉ်ဆက်မပြတ်ဖွင့်ဖို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဟန်က ကတိပြုပါတယ်။ အဝေးရောက် ကျိုက်လတ်မြို့သား ဗိုလ်မှူးမောင်ငြိမ်း(အငြိမ်းစား) တို့လို ပုဂ္ဂိုလ်များကလည်း မိမိမွေးရပ်ဒေသကို လိုအပ်တာဟူသမျှ ဖြည့်စွမ်းပေးကြဖို့ လက်မနှေးကြပါဘူး။ ဒါကြောင့် ကျေးရွာကိုယ့်အားကိုယ်ကိုး ပြည်သူ့စာကြည့်တိုက်များ နိုင်ငံတစ်ဝန်း ဖြစ်ထွန်းပေါ်ပေါက်ရေးမှာ ကျိုက်လတ်မြို့ဟာ မလွဲမသွေ မုချအောင်မြင်မှာပါ။

တံတားကြီးတွေဆောက်၊ ကားလမ်း၊ ကတ္တရာလမ်းကျယ်ကြီးတွေဖောက်ပြီးတဲ့ ယနေ့ကာလမှာ မိုင် ၈၀ ခန့်ရှိတဲ့ ရန်ကုန်– ကျိုက်လတ် ခရီးဟာ မိမိကိုယ်ပိုင်ကားနဲ့ဆိုရင် အချိန်နှစ်နာရီပဲ။ ဘတ်စ်ကားကြီးများနဲ့ ဆိုရင် သုံးနာရီပေါ့။ ယခင်ကာလထက် အချိန်ထက်ဝက်မျှလောက် သက်သာ သွားတယ်။

ကျိုက်လတ်မြို့ရဲ့ ရာဇဝင်အစဉ်အလာကတော့ အထူးပဲဂုဏ်ယူစရာကောင်းလှပါတယ်။ မျိုးချစ်စိတ် ထက်သန်ပြင်းထန်လာကြတဲ့ ၂၀ ရာစု ဦးပိုင်းခေတ်ကာလမှာ ၁၈၈၆ ခုနှစ်မှ ၁၉၀၀ ပြည့်နှစ်အထိ ၁၅ နှစ်လုံးလုံး လက်နက်ကိုင်ဆန့်ကျင်လို့မရတော့ နယ်ချဲ့ကို နိုင်ငံရေးနဲ့ပဲ တိုက်မယ်၊ ပညာရေးနဲ့ ရေရှည်စစ်ဆင်နွှဲမယ်ဆိုပြီး တစ်နိုင်ငံလုံး အမျိုးသားကျောင်းတွေ ထူထောင်ဖွင့်လှစ်ပြီး အမျိုးသားရေးလှုံ့ဆော်စည်းရုံးကြတယ်။ တိုတိုပြောရရင် အနုနည်း၊ အကြမ်းနည်းပရိယာယ်အမျိုးမျိုးနဲ့ ဗြိတိသျှနယ်ချဲ့က ဖြိုခွဲလိုက်တာ နိုင်ငံတစ်ဝန်းရှိ အမျိုးသားကျောင်းတွေဟာ ချည့်နဲ့ယိုင်လဲ ပျောက်ကွယ်သွားခဲ့ကြရတယ်ပေါ့။ တစ်နိုင်ငံလုံးမှာ ခိုင်ခိုင်မာမာရပ်တည်နေတာ ကျိုက်လတ်မြို့ အမျိုးသားအထက်တန်းကျောင်း တစ်ခုတည်းပဲရှိတော့တယ်။ ကျိုက်လတ်မြို့ဟာ နယ်ချဲ့ကို အန်တုပြီး အမျိုးသားပညာရေးကို အဲဒီလိုလွှန်ခဲ့တဲ့ အနှစ် ၈၀ ကျော်လောက်ကတည်းက ထက်ထန်သန်သန် စံနမူနာပြ ထူးချွန်စွာ အားပေးတဲ့မြို့။ အင်္ဂလိပ်ဟာ သူ့ရဲ့အစိုးရကျောင်း (ကျောင်းသားမရှိ) အဆောက်အအုံ အပါအဝင် ကျောင်းကို ကျိုက်လတ်မြို့ အမျိုးသားကျောင်းသို့ လွှဲအပ်ပေးလိုက်ရတဲ့အထိ ကျိုက်လတ်မြို့က လူထုဟာ အမျိုးသားရေးစိတ် ပြင်းထန်တယ်။ အောင်ပွဲခံခဲ့တယ်။

ဒါကြောင့်ပဲလားမသိဘူး၊ မဟာဂီတဦးပြုံးချို၊ အကယ်ဒမီခြောက်ထပ်ကွမ်း မဟာသဒ္ဓမ္မဇောတိက (ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ရ) စာရေးဆရာကြီးဦးသုခ(ဦးသိန်းမောင်)၊ စာရေးဆရာမောင်စည်သူ၊ စာရေးဆရာ တစ်သက်တာစာပေဆုရ ဒဂုန်တာရာ (ဦးဌေးမြိုင်)၊ အမျိုးသားစာပေဆုရ စာရေးဆရာတိုက်စိုး(ဦးသန်းထွတ်)၊ ဆရာဗိုလ်ကလေးတင့်အောင် (အမျိုးသားစာပေဆုရ)၊ ဆရာဦးမောင်မောင်စိုးတင့် (အငြိမ်းစားသံအမတ်ကြီး)နဲ့ အခြားသောထင်ရှားတဲ့ ပုဂ္ဂိုလ်များ များစွာပေါ်ထွက်ခဲ့ပါတယ်။

ယနေ့ဟာ ဟောဒီကျိုက်လတ်မြို့ဂုဏ်ဆောင်စာပေပါရဂူဆရာကြီးဦးသုခရဲ့ အသက် (၉၅)နှစ်ပြည့်ကာလမှာ ဆရာကြီးကို ဂုဏ်ပြုတဲ့အနေနဲ့ ကျိုက်လတ်မြို့နယ် မြို့မိမြို့ဖများ၊ စေတနာရှင်များ၊ ကျိုက်လတ်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းစသည်တို့က တန်ဖိုးငွေကျပ်၈၅ သိန်းကျော် အဆောက်အအုံနဲ့တကွ ပရိဘောဂများအပြင် စုပေါင်းစုဆောင်းလှူဒါန်းခဲ့ကြတဲ့ စာအုပ်မျိုးစုံအုပ်ရေ ၃၃၀၀ ကျော် (တန်ဖိုးငွေကျပ်၁၀ သိန်း)တို့ဖြင့် စာကြည့်တိုက်တစ်ခုကို ထူထောင်ဖွင့်လှစ်လိုက်တဲ့ မင်္ဂလာရှိသော နေ့ပါပဲ။ အသက်အရွယ်(၉၅)နှစ်ရှိတဲ့ ဆရာကြီးဦးသုခကို အမှတ်တရဂုဏ်ပြုရာမှာ တန်ဖိုးငွေ ကျပ်၉၅ သိန်းဟာ သိပ်များလှတယ်တော့ မဟုတ်ပါ။ စုပေါင်းကုန်ကျငွေကျပ် ၉၅ သိန်းဆိုသော ကိန်းဂဏန်းထက် လက်တွေ့မှာ ဒီစာကြည့်တိုက်ကို လာရောက်ဖတ်ရှု အသုံးပြုကြတဲ့ လူငယ်လူရွယ် မျိုးဆက်သစ် မောင်မယ်များစွာကို ဦးပြုံးချိုတွေ၊ ဦးသုခတွေ၊ ဦးတိုက်စိုးတွေ ဖြစ်ပေါ်စေမယ့်တန်ဖိုးက ပိုပြီးအရေးကြီးပါတယ်။

ဂုဏ်ပြုခံဆရာကြီးဦးသုခအကြောင်းကြားဖူးကြပါလိမ့်မယ်။ ဆရာကြီးရေးတဲ့ ဝတ္ထုရှည်၊ ဝတ္ထုတို၊ ဆောင်းပါးနဲ့ စာအုပ်များဟာ အထူးကျော်ကြားထင်ရှားပါတယ်။ 'သုခမှတ်စု'ဆိုတဲ့ စာအုပ်ဆိုရင် စာရေးသူရဲ့ လက်စွဲပါပဲ။ ဆရာဦးသုခကို ၁၉၁၀ ပြည့်နှစ် ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ကျိုက်လတ်မြို့နယ် စာဖြူစုကျေးရွာမှာ သူကြီးဦးစံခိုင်–ဒေါ်မျှင်တို့က မွေးဖွားခဲ့ပါတယ်။ အမည်ရင်း ဦးသိန်းမောင်။ လုံးချင်းဝတ္ထုပေါင်း ၁၀၀ နဲ့ ဝတ္ထုတို ၂၀၀ ရေးသားခဲ့တယ်။ 'သုခမှတ်စု၊ ရာမာခရစ်ရှနာ သုတ္တံပုံပြင်များ၊ အကျော်ဒေးယျ ဗုဒ္ဓ၏ သမီးတော်များ၊ မင်္ဂလသုတ်၊ မေတ္တသုတ်၊ လောကနီတိ၊ စိတ်ဆိုသောစိတ်၊ ဇေယျတုသဗ္ဗမင်္ဂလံ'စတဲ့ စာအုပ်များ အကြိမ်ကြိမ် ထပ်မံပုံနှိပ်ထုတ်ဝေရတယ်။

ရုပ်ရှင်ဒါရိုက်တာအဖြစ် ရုပ်ရှင်ဇာတ်ကား ၃၃ ကားရိုက်ကူးခဲ့ရာ ဒါရိုက်တာထူးချွန်ဆု အကယ်ဒမီရွှေစင်ရုပ် ခြောက်ခု(ခြောက်ကြိမ်) ရရှိခဲ့တယ်။ ဆရာကြီးရဲ့ စာပေနဲ့ရုပ်ရှင်အနုပညာစသည်တို့ဖြင့် တိုင်းပြည်နဲ့ လူမျိုးရဲ့အကျိုးကို ဆောင်ခဲ့ပုံများမှာ အံ့သြချီးကျူးစရာတွေ မကုန်နိုင်ပါ။ သီလ၊ သမာဓိ၊ ပညာတို့နဲ့ ပြည့်စုံတဲ့ ဆရာကြီးကို ထာဝရ အမှတ်တရ ဂုဏ်ပြုလျက် သူ့ရဲ့ မွေးရပ်ဇာတိမြို့က ယခုလို **"ဦးသုခစာကြည့်တိုက်"**ဆိုပြီး ထူထောင်ဖွင့်လှစ်ပေးတာဟာဖြင့် အတိုင်းထက်အလွန်ဝမ်းသာပီတိဖြစ်ရပါကြောင်းနဲ့ နိုင်ငံတစ်ဝန်း အလားတူ စာကြည့်တိုက်များစွာ ပေါ်ထွန်းနိုင်ပါစေကြောင်း ဆန္ဒပြုလိုက်ရပါတယ်။ ။

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅–ခုနှစ်၊ ဇွန်လ (၇)ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၈၅၃၁)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ကုန်တင်ယာဉ်ကြီးများ သတိပြုရန်

ကုန်တင်ယာဉ်ကြီးများသည် ပစ္စည်းများ တင်ဆောင်မောင်းနှင်ရာတွင် ပြုတ်မကျစေရန်နှင့် ပတ်ဝန်းကျင် အန္တရာယ်မဖြစ်စေရန် လုံလောက်သော ကြိုတင်ကာကွယ်မှုများကို ပြုလုပ်မောင်းနှင်ရမည်ဖြစ်ပါသည်။ ကုန်သေတ္တာတင်ယာဉ်များသည် ယာဉ်ကွေ့ချိန်နှင့် ကုန်းတက်ချိန်တို့တွင် ကုန်သေတ္တာများ လျှောမကျစေရန် (LOCK)ချိတ်ဖြင့် လေးဘက်လေးတန် စနစ်တကျ ချိတ်၍သော်လည်းကောင်း၊ သစ်လုံးတင်ယာဉ်များသည် ဒေါက်တိုင်များပါရှိသော်လည်း သတ်မှတ်သံကြိုးအနည်းဆုံး သုံးကြိုးဖြင့် ပြုတ်မကျစေရန် ခိုင်ခံ့စွာ ချည်နှောင်၍သော်လည်းကောင်း မောင်းနှင်ရမည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ရေထွက်ပစ္စည်းပြည်ပပို့ကုန်တင်ပို့ရေး ညှိနှိုင်းဆွေးနွေး ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း အမှာစကားပြောကြား

ရန်ကုန် ဇွန် ၉

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန၏ Border Trade စနစ်ဖြင့် ရေထွက်ပစ္စည်း ပြည်ပပို့ကုန်တင်ပို့ရေးနှင့် မူဆယ်ဒေသတွင် အခြေအနေစက်ရုံ တည်ဆောက်ရေး ညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက် စနာရီတွင် အလုံမြို့နယ် ဆင်မင်းလမ်းရှိ ငါးလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ ပြည်ပပို့ကုန် လုပ်ငန်းရှင်များအသင်း၊ ကဏန်းလုပ်ငန်းရှင်များအသင်း၊ ငါးရှဉ့်လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ၊ ပုဂ္ဂလိက ရေထွက်ပစ္စည်းပို့ကုန် လုပ်ငန်းရှင်များနှင့် ကုမ္ပဏီများမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက နိုင်ငံတော်က ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် နယ်စပ်ကုန်သွယ်ရေးဆိုင်ရာ အခြေအနေများကို လည်းကောင်း၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ကိုလေးနှင့် နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့က ရေထွက်ပစ္စည်းများ Border Trade စနစ်ဖြင့် ပြည်ပတင်ပို့နေသည့် အခြေအနေနှင့် ထပ်မံဆောင်ရွက်သင့်သည့် အခြေအနေများကို လည်းကောင်း၊ ပြည်ပပို့ကုန် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် ကုမ္ပဏီလုပ်ငန်းရှင်များက လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို လည်းကောင်း အသီးသီးတင်ပြဆွေးနွေးကြသည်။

အမှာစကားပြောကြား

ထို့နောက် တင်ပြဆွေးနွေးချက်များအပေါ် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ညှိနှိုင်းဖြေကြားဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး ခန့်အပ်ရန်သဘောတူ

ရန်ကုန် ဇွန် ၁၀

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာ အောဘီမန်ဂျူးရာဟင်း(မ်)၏ နေရာတွင် မစ္စတာ မိုဟာမက် ခါရူဇ်ဇာမန်အား ခန့်အပ်ရန် အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူလိုက်ပြီးဖြစ်သည်။

မစ္စတာ မိုဟာမက် ခါရူဇ်ဇာမန်သည် ၁၉၅၂ခုနှစ် ဇူလိုင်လ ၅ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၇၃ခုနှစ်တွင် ပါကစ္စတန် သံချပ်ကာတပ်ရင်း၌ ဒုတိယဗိုလ်အဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၇၆ ခုနှစ်တွင် ဗိုလ်မှူးအဆင့်အထိ ဆင့်ကဲတိုးမြှင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၆ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကိုင်ရို၊ အဘူဒါဘီ၊ လန်ဒန်နှင့် မနီလာမြို့များရှိ ဘင်္ဂလားဒေ့ရှ် သံရုံးများ၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ လက်ရှိတွင်ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွဲဖက်အတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ (သတင်းစဉ်)

ကြွရောက်ကြည်ညိုပူဇော်နိုင်

ရန်ကုန် ဇွန် ၉

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် မဟာမုန်ကင်းကျောင်း၌ မလှိုင်မြို့နယ် လေးရွာဆရာတော်ကြီးများ၏ ဩဝါဒခံယူလျက် ဇွန် ၁၂ရက် နံနက် ၉နာရီတွင် ဆရာတော် ဘဒ္ဒန္တနန္ဒိယ (သာသနဓဇ မဓ္ဈာစရိယ) အား ပဓာန နာယက ဆရာတော်အဖြစ် တင်မြှောက်မည်ဖြစ်ရာ တပည့်ဒါယကာ၊ ဒါယိကာမများ ကြွရောက်ကြည်ညိုပူဇော်ကြရန် ဖိတ်ကြားထားသည်။ (က-ပ)

မြန်မာနိုင်ငံ လက်ထောက်ကျန်းမာရေးမှူးအသင်း သတ္တမအကြိမ် ညီလာခံဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၉

မြန်မာနိုင်ငံလက်ထောက်ကျန်းမာရေးမှူးအသင်း သတ္တမအကြိမ် ညီလာခံဖွင့်ပွဲအခမ်းအနားကို ဇွန် ၆ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ သူနာပြုတက္ကသိုလ်ခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးမောင်မောင်ဝင့်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး) ပါမောက္ခချုပ်ဒေါ်ခင်မေအုန်းနှင့် ကထိကများ၊ သူနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာဦးစိုးနေဝင်းနှင့် ကထိကများ၊ မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းဥက္ကဋ္ဌ ဦးအေးမြင့်နှင့် အမှုဆောင်များ၊ UNDP ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ပြည်နယ်နှင့်တိုင်းများမှ ညီလာခံကိုယ်စားလှယ်များ၊ လက်ထောက်ကျန်းမာရေးမှူးများ၊ ကန်တော့ခံသက်ကြီး အငြိမ်းစား လက်ထောက်ကျန်းမာရေးမှူးကြီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိဆေးသိပ္ပံဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးမောင်မောင်ဝင့်က ညီလာခံ အဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** လက်ထောက်ကျန်းမာရေးမှူးအသင်း ပထမအကြိမ်ညီလာခံမှ ယနေ့အထိ ကျေးလက်နေ ပြည်သူများ အကျိုးပြု ဟောပြောပွဲများ၊ မှတ်တမ်းဓာတ်ပုံပြခန်းများနှင့် ပြည်တွင်း၊ ပြည်ပ ဆေးဝါးပြခန်း ၁၈ခုတို့ကို လိုက်လံကြည့်ရှုအားပေးသည်။

ဆက်လက်၍ စာတမ်းဖတ်ပွဲကျင်းပရာ သဘာပတိအဖြစ် ဆေးတက္ကသိုလ်(၂)မှ ပါမောက္ခဒေါက်တာ ဒေါ်စန်းမြင့်အောင်က ဆောင်ရွက်ပြီး ရန်ကုန်သူနာပြုတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာဒေါ်ခင်မေအုန်းနှင့် စာတမ်းရှင်များကဗီဒီယိုဆလိုက်များနှင့်စာတမ်းများကို တင်သွင်းဖတ်ကြားပြီး ပထမနေ့ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဒုတိယနေ့အခမ်းအနားကို ဇွန် ၇ ရက် နံနက် ၉နာရီတွင် ဆက်လက်ကျင်းပရာ အသင်းဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး စာတမ်းရှင်များဖြစ်သည့် အခြေခံကျန်းမာရေးတက္ကသိုလ် လက်ထောက်ကထိက ဦးအောင်ချိန့်နှင့် ပဲခူးတိုင်း လက်ထောက်ကျန်းမာရေးမှူး အသင်းဥက္ကဋ္ဌ ဦးအောင်ခင်တို့က ငှက်ဖျားရောဂါနှင့် ဆေးလိပ်သောက်သုံးမှု သုတေသန စာတမ်းများကို ဖတ်ကြား တင်သွင်းပြီး အခမ်းအနားကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

Noritsu အမျိုးအစား QSS-3300 ဒစ်ဂျစ်တယ် ဓာတ်ပုံကူးစက်အသစ် မိတ်ဆက်ရှင်းလင်းပွဲနှင့် လက်တွေ့သရုပ်ပြပွဲကျင်းပစဉ်။ (သတင်းစဉ်)

ဒစ်ဂျစ်တယ်ဓာတ်ပုံကူးစက်အသစ် မိတ်ဆက်ပွဲနှင့် လက်တွေ့သရုပ်ပြပွဲကျင်းပ

ရန်ကုန် ဇွန် ၉

Noritsu Singapore Pte., Ltd, Accel International Co., Ltd. နှင့် Kodak(Singapore)Pte., Ltd. တို့က တင်သွင်းသော Noritsu အမျိုးအစား QSS-3300 ဒစ်ဂျစ်တယ် ဓာတ်ပုံ ကူးစက်အသစ် မိတ်ဆက် ရှင်းလင်းပွဲနှင့် လက်တွေ့သရုပ်ပြပွဲကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ဓာတ်ပုံလုပ်ငန်းရှင်များ၊ ဓာတ်ပုံပညာရှင်များနှင့် Digital ဓာတ်ပုံပညာစိတ်ပါဝင်စားသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက် လေ့လာကြသည်။

ရှေးဦးစွာ Accel International Co., Ltd. မန်နေဂျင်းဒါရိုက်တာ Mr. Alvin Law က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် Noritsu S'pore Pte Ltd Regional Sales Manager Mr. K.B. Leong က အဖွင့်အမှာစကားပြောကြားပြီး Accel International Co., Ltd. လက်ထောက်မန်နေဂျာ ဦးသီဟဇော်က QSS-3300 ဒစ်ဂျစ်တယ်ဓာတ်ပုံ ကူးစက်အသစ်နှင့် ပတ်သက်၍ ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းပြောကြားသည်။

Noritsu အမျိုးအစားဒစ်ဂျစ်တယ်ဓာတ်ပုံကူးစက်သည် ဒစ်ဂျစ်တယ်ကင်မရာအသုံးပြုသူများ ဓာတ်ပုံများကို CD သို့ ကူးယူသိမ်းထားလိုသူများ၊ ကုမ္ပဏီလုပ်ငန်းသုံး ဖိတ်စာများနှင့် ကတ်အမျိုးမျိုးကို အချိန်တိုအတွင်း ဆောင်ရွက်နိုင်ပြီး အနံ့ရှုစ်လက်မမှ အလျား ၁၄လက်မ အထိပုံကြီးချဲ့ကူးနိုင်ကာ တစ်နာရီ ပုံထွက်နှုန်းမှာ ၇၅၀ ဖြစ်သည်။ ဖလင်ပေါ်၌ အပြစ်များကို ဖြေဖျောက်ပြီး ပုံကောင်းတစ်ခု ဖြစ်အောင် ဆောင်ရွက်နိုင်ကြောင်း သိရသည်။

Accel International Co., Ltd. မှ Noritsu Digital ဓာတ်ပုံကူးစက်နှင့် Analog Noritsu ဓာတ်ပုံကူးစက်၊ ဖလင်ဆေးစက် အမျိုးမျိုးကို လည်း ရောင်းချပေးမည်ဖြစ်ပြီး ဝယ်ယူလိုပါက အမှတ်(၄၂-၄၆)ဆဋ္ဌမထပ် သစ်တောဖက်စပ် ကူးသန်းရောင်းဝယ်ရေး အဆောက်အအုံ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်မြို့ ဖုန်း-၂၀၂၀၉၂၊ ၂၀၂၀၉၆တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စောရွေနှင့် အဖွဲ့ဝင်များ ရွှေပြည်သာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့်အတူ ရွှေပြည်သာမြို့နယ် စီးကုန်းကျေးရွာအုပ်စုအတွင်း အိမ်များ၊ ကျောင်းများ၌ ဇွန် ၇ရက်က သွေးလွန်တုပ်ကွေးကာကွယ်ရေးအတွက် ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်စဉ်။ (၆၁)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ခုနှစ်၊ ဇွန်လအတွက်

(၁၂-၆-၂၀၀၅)ရက်နေ့

နှင့်

(၂၆-၆-၂၀၀၅)ရက်နေ့

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၆-၂၀၀၅ (သောကြာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	သဘာဝအစွမ်းသတ္တိ မြန်မာ့စိမ်းပြာရေညှိ
၇း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၇း၃၀	တေးဂီတအစီအစဉ်
၇း၄၅	သီးနှံရောဂါများကို ထိရောက်စွာကာကွယ်နှိမ်နင်းနည်းများ
၈း၀၅	တေးဂီတအစီအစဉ်
၈း၁၀	ကချင်ရိုးရာဝတ်စားဆင်ယင်မှု
၈း၁၅	ပြည်တွင်းသတင်းအကျဉ်း
၈း၂၀	တေးဂီတအစီအစဉ်
၈း၂၅	၂၀၀၅ခုနှစ် နိုင်ငံတကာဂေါက်သီးရိုက်ပြိုင်ပွဲ
၉း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၂၀	ပြည်ပသို့ထွက်ခွာခွင့်ပုံစံ(D-Form)အကြောင်း
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	ရှုချင်စရာ မျက်လှည့်ပဒေသာ
၉း၅၀	ပြည်တွင်းသတင်းအကျဉ်း
၉း၅၅	မိုးလေဝသခန့်မှန်းချက်
၁၀း၀၀	မေးသမျှဖြေရအောင်
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	ဝယ်ချင်စရာမျိုးစုံစွာ
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	ဒေါင်းကူးမော်ကဏန်းမွေးမြူရေးစခန်း သန္တုတ်ကျေးရွာ ကျွန်းစုမြို့နယ်(မြိတ်မြို့)
၁၀း၄၅	ဒါရိုက်တာလူမင်းနှင့်တွေ့ဆုံခြင်း
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄) နာရီစာ အစီအစဉ်များကို ည (၂၃း၀၀)နာရီအထိ (၄) ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် လူကုန်ကူးခြင်းကို နိုင်ငံတကာနှင့် ပူးပေါင်းကာကွယ်တိုက်ဖျက်လျက်ရှိ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ သန္နိဋ္ဌာန်နှင့် အောင်မြင်မှုတို့ကို အမေရိကန်နိုင်ငံခြားရေးဌာနက လျစ်လျူရှုခဲ့ခြင်းသည် ဝမ်းနည်းဖွယ်ဖြစ်

❍ လူကုန်ကူးမှုမှ

အစီရင်ခံစာ၏ ကြိုတင်ကာကွယ်မှုအပိုင်းတွင် မြန်မာနိုင်ငံသည် နယ်စပ်ဒေသများ၌ အုပ်စုလိုက် ဆွေးနွေးမှုများ၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ၊ သတင်းအစီအစဉ်များအပါအဝင် လိုင်ကျွန်ပြုမှုနှင့်ပတ်သက်၍ လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း အသိအမှတ်ပြု ဖော်ပြထားသော်လည်း ကြိုးပမ်းမှုများအတွက် ရန်ပုံငွေမှာ နည်းပါးသည်ဟု ဖော်ပြထားပါသည်။

လူကုန်ကူးခြင်းသည် ဆိုးရွားသော ပြစ်မှုဖြစ်သည်ဟု ခံယူထားသည်နှင့်အညီ မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့်လည်းကောင်း၊ နှစ်နိုင်ငံချင်းအားဖြင့်လည်းကောင်း ပူးပေါင်းကာကွယ် တိုက်ဖျက်လျက်ရှိသည့်အပြင် အမျိုးသားလုပ်ငန်းစဉ်ချမှတ်လျက် ဥပဒေကြောင်းအရလည်း ဘက်စုံမှ ဆောင်ရွက်လျက်ရှိပါသည်။

အမျိုးသားလုပ်ငန်းစဉ်အရ ဆောင်ရွက်ရာတွင် တရားစွဲဆိုခြင်း၊ အကာအကွယ်ပေးခြင်းနှင့် တားဆီးကာကွယ်ရေးတို့ ပါဝင်ပါသည်။ လူကုန်ကူးမှု တိုက်ဖျက်ရေးကော်မတီ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းအဖွဲ့နှင့် လူကုန်ကူးမှုတားဆီးရေး ဥပဒေရေးဆွဲရေးကော်မတီတို့ကို ဖွဲ့စည်းထားရှိပါသည်။ နယ်စပ်ဖြတ်ကျော် မှုခင်း တားဆီးကာကွယ်ရေးအတွက် မရှိမဖြစ်လိုအပ်သော ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေ (Mutual Assistance in Criminal Matters Law) ကိုလည်း ၂၀၀၄ခုနှစ်တွင် ပြဋ္ဌာန်းပေးခဲ့ပါသည်။ လူကုန်ကူးမှုသည် ငွေကြေးခဝါချမှုနှင့် ဆက်စပ်လျက်ရှိရာ ငွေကြေးခဝါချမှု ထိန်းချုပ်ရေးဥပဒေနှင့် နည်းဥပဒေများကို ၂၀၀၂ခုနှစ်နှင့် ၂၀၀၃ခုနှစ်များတွင် ပြဋ္ဌာန်းခဲ့ပါသည်။ ဗဟိုထိန်းချုပ် ကြီးကြပ်ရေးအဖွဲ့နှင့် ငွေကြေးဆိုင်ရာ ထောက်လှမ်းရေးအဖွဲ့တို့ကိုလည်း ဖွဲ့စည်းပေးခဲ့ပါသည်။

နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်တွင်လည်း အာရှဒေသအတွင်း လူကုန်ကူးမှု တားဆီးကာကွယ်ရေး သဘောတူစာချွန်လွှာကို ဩစတြေးလျနိုင်ငံနှင့် လက်မှတ်ရေးထိုးခဲ့ပါသည်။ အဆိုပါ သဘောတူညီမှုအရ မြန်မာနိုင်ငံသည် ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ လူကုန်ကူးမှု ကိစ္စများကို စုံစမ်းစစ်ဆေးရန် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့တစ်ရပ်ကို ၂၀၀၄ခုနှစ် မတ်လတွင် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ နယ်စပ်ဖြတ်ကျော် မှုခင်းတားဆီးကာကွယ်ရေးကွန်ဗင်းရှင်း (Convention Against Transnational Organized Crime-CTOC)၊ လူကုန်ကူးမှုတားဆီး၊ နှိမ်နင်း၊ အပြစ်ပေးရေး သဘောတူညီချက် (Protocols to Prevent Suppress and Punish Trafficking in Persons-TIP)၊ လူကုန်ကူးခြင်း (Smuggling of Migrants) စာချုပ်များတွင်လည်း မြန်မာနိုင်ငံသည် စာချုပ်ဝင်နိုင်ငံအဖြစ် ပါဝင်လျက်ရှိပါသည်။

၂၀၀၄ခုနှစ် အောက်တိုဘာလ ၂၇ရက်မှ ၂၉ရက်နေ့အထိ ရန်ကုန်မြို့တွင် မဲခေါင်ဒေသ လူကုန်ကူးမှု တားဆီးပိတ်ပင်ရေးဝန်ကြီးအဆင့် ညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ပါသည်။ အစည်းအဝေးရလဒ်အဖြစ် ပေါ်ထွက်လာသော လူကုန်ကူးမှု တားဆီးပိတ်ပင်ရေး သဘောတူစာချွန်လွှာ (Meeting For The Coordinated Mekong Ministerial Initiative Against Trafficking) ကို မဟာမဲခေါင်ဒေသ ခြောက်နိုင်ငံက လက်မှတ်ရေးထိုးခဲ့ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ခဲ့ခြင်းသည် လူကုန်ကူးမှု တိုက်ဖျက်ရေးအတွက် ဒေသအတွင်း ပူပေါင်းဆောင်ရွက်ရန် အရေးပါသော ခြေလှမ်းတစ်ခုဖြစ်ပါသည်။ United Nations Inter-Agency Project (UNIAP)၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အမျိုးသမီးနှင့် ကလေးသူငယ် လူကုန်ကူးမှုတိုက်ဖျက်ရေး ခြေမြန်တပ်ဖွဲ့ကို ဖွဲ့စည်းလျက် ကွင်းဆင်းစုံစမ်းခြင်း၊ လေ့ကျင့်ပေးခြင်းများ ပြုလုပ်ခဲ့ပါသည်။

အလုပ်အကိုင် ရှာဖွေချထားရေးနှင့်စပ်လျဉ်းသည့် မြန်မာ-ထိုင်း သဘောတူညီချက် စာချွန်လွှာ (Memorandum of Understanding between the Governments of Myanmar and Thailand on Cooperation in the Employment of Workers)သည် ၂၀၀၃ခုနှစ် ဇွန်လမှစ၍ သက်ဝင်တည်ရှိခဲ့ပါသည်။ အဆိုပါ သဘောတူညီချက် စာချွန်လွှာသည် လူကုန်ကူးမှု တားဆီးကာကွယ်ရေးကို များစွာ အထောက်အကူဖြစ်စေခဲ့ပါသည်။

ထိုင်းနိုင်ငံအပါအဝင် နိုင်ငံရပ်ခြားတွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားများကို အစိုးရက ချမှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ပြန်လည်လက်ခံလျက်ရှိပါသည်။ ပြန်လည်လက်ခံရေးစခန်းကို ထိုင်းနယ်စပ်အနီး မြဝတီမြို့တွင် ဖွင့်လှစ်ထားရှိပါသည်။

အချုပ်ဆိုရလျှင် လူကုန်ကူးမှုကို မြန်မာနိုင်ငံသည် အရေးမယူ လျစ်လျူရှု မျက်ကွယ်ပြုခြင်း မရှိသကဲ့သို့ ဤကဲ့သို့ ဆိုးရွားသော ရာဇဝတ်မှုကျူးလွန်ခြင်းကို တိုက်ဖျက်ချေမှုန်းရန် အစဉ်တစိုက် ကြိုးပမ်းနေပါသည်။ အမေရိကန် နိုင်ငံခြားရေးဌာနက လူကုန်ကူးမှု တိုက်ဖျက်ရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ခိုင်မာသော သန္နိဋ္ဌာန်နှင့် အောင်မြင်မှုတို့ကို လျစ်လျူရှုခဲ့ခြင်းသည် ဝမ်းနည်းဖွယ်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအစိုးရသည် အမေရိကန်ကွန်ဂရက်၏ လူကုန်ကူးခံရသူများ ကာကွယ်မှုဥပဒေ (Trafficking Victims Protection Act - TVPA)နှင့် ညီညွတ်မှုမရှိသည့် နိုင်ငံများအနက် မြန်မာနိုင်ငံအား အနိမ့်ဆုံးအဆင့်ဖြစ်သည့် အဆင့်(၃) သတ်မှတ်ခြင်းကို ကန့်ကွက်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
ရန်ကုန်မြို့
ရက်စွဲ၊ ၂၀၀၅ခုနှစ်၊ ဇွန်လ ၉ရက်

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၇၄) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၉



ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်း အမှတ်(၇၄)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

ကြည်အောင် (ကေတုမတီ)၊ ဇော်မင်းမင်းဦး၊ စလင်းဘုန်းကျော်၊ ဇာနည်၊ ကြူကြူသင်း၊ မောင်ထက်မွန်(ရေစကြို)၊ ပိုနေမြ(ဝက်လက်)၊ အောင်ခြိမ့်မိုး၊ ရွှေခြံဆွေဦး၊ ဘွင်းဘွင်း၊ အံပွား(စလေ)တို့၏ ကဗျာများ၊ စောမုံညင်း၊ တက္ကသိုလ်တင်ခ၊ ဒေါက်တာမတင်ဝင်း၊ မန်းခင်ခင်၊ ချစ်နိုင်(စိတ်ပညာ)၊ မြင့်သိန်းအောင်၊ မြင်းမူမောင်နိုင်မိုး၊ အောင်ဇင်၊ မောင်ခင်မင်(ဓနုဖြူ)၊ မကြွန်၊ မောင်မောင်လတ်(နောင်)၊ ဗိုလ်ကလေးတင့်အောင်၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ သိပ္ပံစိုးမြင့်နိုင်၊ သထုံမင်းမြတ်ဆောင်၊ တင်မြင့်၊ စာကြည့်တိုက်ခင်မောင်၊ လှိုင်မြင့်ဦး၊ မွေးငယ်ငယ်၊ မြတ်လေးမြင့်၊ စောအာခေါင် (ကျောက်တော်)၊ ကျော်ဇောဟိန်း(ဒေါပုံ)၊ ပန်းတနော်ဟန်ထွဋ်အောင်၊ တက္ကသိုလ်စိုးယဉ်၊ ရဲဘော်မြသိန်း(ဟိုပုန်း)၊ ဦးကျော်ကျော်သန်း(ရွှေဘို)တို့၏ ဆောင်းပါးများ၊ မောင်ဆန္ဒ(လယ်ဝေး)၊ ဆင်ဖြူကျွန်းအောင်သိန်း၊ မကျည်းတန်(လှိုင်ကော်)၊ ရွှေခြံဆွေဦး၊ ယဉ်ယဉ်နု(မန္တလေး)၊ ယဉ်မွေးပန်း(ဟဲဟိုး)၊ ခိုင်လွင်ဦး(ထီးဆောင်း)၊ မောင်မိုးစွေ (မြင်းခြံ)တို့၏ ဝတ္ထုများ၊ အောင်ရှိန်၊ မောင်နေမွန်၊ စိုးစံ၊ ကချင်မြေ ငှက်ခါးတို့၏ ကာတွန်းများအပြင် ဗုဒ္ဓစာဥယျာဉ်၊ တောခလေ့စာပန်းချီ၊ ကလေးတို့အတွက်ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ ကျန်းမာရေးကဏ္ဍ၊ အမျိုးသမီး ကဏ္ဍ၊ ရုပ်ရှင်ကဏ္ဍ စုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း အရောင်းဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် အခြားဆိုင်များ၊ မန္တလေး၊ ပြည်၊ မကွေး၊ သန်လျင်၊ ကလော၊ တောင်ကြီး၊ မော်လမြိုင်၊ ပျဉ်းမနား၊ ပဲခူး၊ လားရှိုး၊ ဟဲဟိုး၊ ရွှေဘို၊ မအူပင်၊ ကျောက်တန်း၊ ကွမ်းလုံ၊ တန့်ယန်း၊ မူဆယ်၊ ကျိုင်းတုံ၊ လှိုင်လင်မြို့နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ (က-ပ)

✻ ရန်ကုန်မြို့တော်မှ

ယင်းနောက် ဝန်ကြီးသည် ရေထိန်းတံခါး အဆောက်အအုံနှင့် ရေခေါ်မြောင်း၊ ရေထုတ်မြောင်းများအား စက်ယန္တရားဖြင့် တူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

တည်ဆောက်

မိုးယွန်းကြီး ရေထိန်းတံခါးသည် ဖွဲဘတ်ချောင်းပေါ်၌ တည်ဆောက်ထားသည်။ ကွန်ကရစ်အမျိုးအစား ရေတံခါးဖြစ်ကာ ၁၂ ပေအကျယ် ရေတံခါးခြောက်ပေါက်နှင့် ရှစ်ပေအကျယ် ရေတံခါးလေးပေါက် ပါရှိပြီး ပေ ၃၅၀၀ရှည်သည့် ရေခေါ်မြောင်းမကြီးနှင့် ပေ ၇၈၀၀ ရှည်သည့် ရေထုတ်မြောင်းမကြီးတို့ ပါရှိသည်။

မိုးယွန်းကြီးအင်းမှ မိုးတွင်းကာလ ပိုလျှံရေများ လျော့နုတ်ရန်နှင့် မိုးနှောင်းကာလ နွေစပါးစိုက်ပျိုးရေနှင့် ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အတွက် စိုက်ပျိုးရေတို့ကို ထိန်းညှိ သိုလှောင်ပေးနိုင်မည် ဖြစ်သည်။

ဆက်သွယ်အကျိုးပြု

ရေထိန်းတံခါး၏ အကျိုးပြုဧကမှာ လေးသောင်းဖြစ်ပြီး အဆိုပါရေထိန်းတံခါးသည် ပဲခူးတိုင်း ပဂိုင်တာတောင်ပိုင်းရှိ ရှမ်းကိုင်ရေတံခါး၊ ပိုင်ကျုံရေတံခါး၊ တာဝရေတံခါး၊ ရွှေလေ့ရေတံခါးတို့ဖြင့် ဆက်စပ်အကျိုးပြုနေသည့်အပြင် မိုးယွန်းကြီးအင်း အထက်ပိုင်းရှိ ဝါးကတုတ်ရေလှောင်တမံ၊ ဇောင်းတူရေလှောင်တမံ၊ ဘိုင်းဒါးရေလှောင်တမံတို့နှင့်လည်း ဆက်သွယ်အကျိုးပြုလျက်ရှိသည်။

(သတင်းစဉ်)

စက်မှုဇုန်များ မီးဘေးကာကွယ်ရေး လုပ်ငန်းများစစ်ဆေး

ရန်ကုန် ဇွန် ၉

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် သာကေတ မီးသတ်စခန်းသို့ သွားရောက်၍ မီးသတ်စက်ယာဉ်များ ကွဲခိုင်ရေး၊ လျှပ်စစ်နှင့် စက်သုံးဆီသုံးစွဲမှု ချွေတာရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကိုစစ်ဆေးသည်။

ထို့နောက် သာကေတစက်မှုဇုန်သို့ သွားရောက်၍ စက်ရုံ၊ အလုပ်ရုံများ မီးဘေးကာကွယ်ရေးလုပ်ငန်းများ၊ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ ဒဂုံတောင် စက်မှုဇုန် အမှတ်(၃)သို့ သွားရောက်၍ စက်မှုဇုန်အတွင်းရှိ ကုန်ထုတ်လုပ်ငန်းများ၏ မီးဘေးကာကွယ်ရေးလုပ်ငန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ အကြံပေးခဲ့သည်။

(သတင်းစဉ်)

သွေးလွန်တုပ်ကွေး ပညာပေးဟောပြော ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် ဇွန် ၉

သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာ ပညာပေးဟောပြောပွဲ အခမ်းအနားကို ဇွန် ၅ရက် နံနက် ၁၀နာရီက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပရာ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်တင်ဆန်း**(ယာပုံ)**၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့-အဖွဲ့ဝင် ဒေါ်အေးအေးလှိုင်၊ ကျန်းမာရေးဌာနမှ သူနာပြုအဆင့်(၁) ဒေါ်နီနီဝင်းတို့က သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများ ဟောပြောကြသည်။



အခမ်းအနားသို့ မြို့နယ် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်အတွင်းရှိပြည်သူ ၂၀၀ကျော်တက်ရောက်ကြသည်။

အခမ်းအနားအပြီးတွင် ရပ်ကွက်လူမှုရေး အဖွဲ့ဝင်များက ရပ်ကွက်အတွင်း ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ကြသည်။

(က-ပ)

မြန်မာ-တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်ခြင်း (၅၅)နှစ်မြောက် အထိမ်းအမှတ်ပြပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၉

မြန်မာ-တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၅၅)နှစ်မြောက် အထိမ်းအမှတ်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ကျင်းပသည်။

အထိမ်းအမှတ်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Li Jinjun ၊စစ်သံမှူးနှင့်သံရုံးအဖွဲ့ဝင်များ၊ ယူနန်ပြည်နယ် ထိန်ချုံးခရိုင်မှ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရိုးရာ ပန်းပညာရှင်များအစည်းအရုံး(ဗဟို)မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ မြန်မာ-တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်ခြင်း (၅၅)နှစ်မြောက် အထိမ်းအမှတ်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို အမျိုးသားပြတိုက် မြေညီထပ်ရှိခန်းမ၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က အထိမ်းအမှတ်ပြပွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဖဲကြိုးဖြတ် ဖွင့်လှစ်

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး Mr. Li Jinjun တို့က အထိမ်းအမှတ်ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လက်မှတ်ရေးထိုး

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးနှင့် ဧည့်သည်တော်များသည် အမျိုးသားပြတိုက် ပထမထပ်ရှိ ဘက်စုံခန်းမ၌ ခင်းကျင်းပြသထားသော မြန်မာ-တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်ခြင်း (၅၅)နှစ်မြောက် အထိမ်းအမှတ်ပြပွဲ ဓာတ်ပုံနှင့် ပန်းချီကားများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ပြပွဲအထိမ်းအမှတ် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကြသည်။

ပန်းချီကားလက်ဆောင်ပေး

ထို့နောက် မြန်မာ-တရုတ်နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်ခြင်း (၅၅)နှစ်မြောက် အထိမ်းအမှတ်ပြပွဲသို့ တရုတ်ပြည်သူ့ သမ္မတနိုင်ငံဘက်မှ အထူးကိုယ်စားလှယ်အဖြစ် တက်ရောက်လာကြသည့် ယူနန်ပြည်နယ် ထိန်ချုံးခရိုင်အစိုးရ ဒုတိယခရိုင်ဝန် (Teng Chong County People Government Deputy Header) Mr. Geng Weimin နှင့် ထိန်ချုံးခရိုင်ယဉ်ကျေးမှုနှင့်အားကစားဌာန ဒုတိယဌာနမှူး Ms. Zhang Xiaoyingတို့က ပြပွဲအထိမ်းအမှတ်အဖြစ် အမျိုးသားပြတိုက်၌ ထားရှိပြသရန်ပန်းချီကားများကိုလက်ဆောင်အဖြစ်ပေးအပ်ရာ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းဆွေက လက်ခံယူသည်။

အဆိုပါ မြန်မာ-တရုတ် နှစ်နိုင်ငံ သံတမန် ဆက်ဆံရေး ထူထောင်ခြင်း (၅၅)နှစ်မြောက် အထိမ်းအမှတ်ပြပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ ပန်းချီကား ၆၂ကား၊ ဓာတ်ပုံ ၁၅၂ပုံ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘက်မှ ပန်းချီကား ၁၉ကားနှင့် နှစ်နိုင်ငံ နိုင်ငံတော် အကြီးအကဲများ အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဓာတ်ပုံများ ပြကွက်နှင့် မြန်မာ-တရုတ် နှစ်နိုင်ငံ ရှေးအစဉ်အဆက်ကပင် အဆင့်မြင့် သံတမန် ဆက်ဆံမှုရှိခဲ့ကြောင်း မှတ်တမ်းအထောက်အထား ပြကွက်တို့ကို ခမ်းနားစွာ ခင်းကျင်းပြသထားသည်။

ယင်းအထိမ်းအမှတ်ပြပွဲကို အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ ယနေ့မှစတင်၍ ဇွန် ၁၅ရက်အထိ နေ့စဉ်နံနက် ၁၀နာရီမှ ညနေ ၄နာရီအတွင်း ခင်းကျင်းပြသသွားမည်ဖြစ်ပြီး မည်သူမဆိုအခမဲ့လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

စက်ခလုတ်နှိပ် ဖွင့်လှစ်

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် မြန်မာ-တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၅၅)နှစ်မြောက် အထိမ်းအမှတ်ပြပွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

မြန်မာ-တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၅၅)နှစ်မြောက် အထိမ်းအမှတ်ပြပွဲကို ယဉ်ကျေးမှုဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးချုပ် စိုးဝင်းမောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Li Jinjun တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ရွှေနေချုပ်ရုံးမိသားစု ဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဇွန် ၉

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) နာယကချုပ်ဆရာတော် အမှူးပြုသော ဆရာတော် သံဃာတော်များအား ရှေ့နေချုပ်ရုံးက တစ်နေ့တာဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မိုးကုတ် ဆွမ်းစားဆောင်၌ ကျင်းပရာ ရှေ့နေချုပ် ဦးအေးမောင်နှင့်ဇနီးနှင့် တာဝန်ရှိသူများတက်ရောက်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ရှေးဦးစွာ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)နာယကချုပ်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် ရှေ့နေချုပ်ဦးအေးမောင်နှင့် ဇနီးတို့က နာယကချုပ်ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရှေ့နေချုပ်က တစ်နေ့တာ ဆွမ်းအလှူတော် ငွေကျပ် ၂၂၀၀၀ ကို ပေးအပ်လှူဒါန်းရာ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးက လက်ခံရယူသည်။

(သတင်းစဉ်)

ဇွန်လ ဒုတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ရန်ကုန် ဇွန် ၉

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဝင်ရောက်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိမည်။

မိုးအခြေအနေများမှာ ရှမ်းပြည်နယ်၊ရခိုင်ပြည်နယ်၊ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ရွာသွန်းမြဲထက်ပိုကာ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် ရွာသွန်းမြဲအောက်လျော့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ရွာသွန်းမြဲခန့်ရွာမည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် (၂၁၀) စင်တီမီတာ (၇-ပေ)ခန့်၊ မန္တလေးမြို့နှင့်စစ်ကိုင်းမြို့တို့တွင် (၁၅၀) စင်တီမီတာ (၅-ပေ)ခန့်နှင့် ညောင်ဦးမြို့၊ချောက်မြို့၊မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့်ဟင်္သာတမြို့တို့တွင်(၁၂၀) စင်တီမီတာ(၄-ပေ)ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် (၂၄၀)စင်တီမီတာ(၈-ပေ)ခန့်နှင့် မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် (၁၅၀)စင်တီမီတာ(၅-ပေ)ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကထုတ်ပြန်သည်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၀-၆-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ရိုးရာကျေးလက်ကစားနည်း
၈:၀၅ ၆။ အကပြိုင်ပွဲ
၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနှယဉ်
၈:၂၀ ၈။ သင်ပုန်းရေလှောင်တမံ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ English for Everyday Use
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Demonstration Exercises For Correct Pronunciation.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၃၀ ၇။ နည်းစနစ်မှန်မှန်အားကစားအခြေခံ
၅:၄၀ ၈။ အတီးပြိုင်ပွဲ
၅:၄၅ ၉။ မြန်မာစာ၊မြန်မာစကား
၆:၀၀ ၁၀။ တေးဂီတအစီအစဉ်
၆:၁၀ ၁၁။ Discovery.
၆:၁၅ ၁၂။ သက်တံရောင်သံစဉ်
၆:၃၀ ၁၃။ ညနေခင်းသတင်း
၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၅။ မန်တုံမြေကအပြုံးမျက်နှာများ
၇:၁၅ ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်သောညီမ”(အပိုင်း-၃၈)**
၇:၄၅ ၁၇။ နှောင်းခေတ်တေးပဒေသာ
၈:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **မြန်မာဗီဒီယိုဇာတ်လမ်း “အဖေ့လက်ဖွဲ့” (အပိုင်း-၂) (ကျော်ဟိန်း၊ခန့်စည်သူ၊ မျိုးစန္ဒီကျော်၊နဝရတ်) [ဒါရိုက်တာ-ခင်မောင်ဦး စိုးသိမ်းထွန်း]**
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

ဂုန်လျှော်/ ချည်ပေါင်လျှော်ပင်များ အထွက်တိုးစေရေးနှိုးဆော်ချက်

ယခုအခါ မိုးကြိုးဂုန်လျှော်/ချည်ပေါင်လျှော် စိုက်ပျိုးပြီးစီးချိန်ဖြစ်ပြီး ဂုန်လျှော်/ချည်ပေါင်လျှော်များ အထွက်တိုးစေရန် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် နှိုးဆော်အပ်ပါသည်-

၁။ အတန်းစိုက် ဂုန်လျှော်/ချည်ပေါင်လျှော်များကို တစ်ပင်နှင့်တစ်ပင် သုံးလက်မခြားခွာ၍ ပင်ကျဲနှုတ်ပေးပါ။ ကြဲပက်စိုက်ခင်းများတွင် ခြောက်လက်မပတ်လည်တစ်ပင်နှုန်း ကျန်ရှိအောင် ထွန်ဖြင့်မွှန်းပေးပါ။
၂။ ပေါင်းလိုက်လက်ကြားခွဲခြင်းကို (၁၅-၂၀)ရက်သားတွင်တစ်ကြိမ်နှင့် (၃၀-၃၅)ရက်သားတွင် တစ်ကြိမ် အနည်းဆုံးနှစ်ကြိမ်ခွဲ၍ ဆောင်ရွက်ပါ။ ပေါင်းလိုက်လက်ကြားခွဲပြီးတိုင်း ယူရီးယားဓာတ်မြေသြဇာကို တစ်ဧကလျှင် ၁/၄ အိတ်နှုန်းဖြင့် (၂)ကြိမ်ကြဲပက်ပေးပါ။
၃။ အပင်ငယ်စဉ်ရေမဝပ်စေရန် ဂရုပြုပါ။ စိုက်ခင်းအတွင်းရေဝပ်နေပါက ပတ်မြောင်း၊ စိတ်မြောင်းများဖြင့် ရေဖောက်ထုတ်နိုင်ရေးဆောင်ရွက်ပါ။
၄။ အပင်ငယ်စဉ်တွင် ပုရစ်အန္တရာယ်ကျရောက်နိုင်ပြီး အဓိကကျရောက်ဖျက်ဆီးသော ပိုးမှာ မွှားပင့်ကူနီ၊ ခါးတွန့်ဘောက်ဖတ်၊ ရွက်စားခူမွေးစုတ်နှင့် ပင်စည်ထိုးကျိုင်းတို့ဖြစ်သည်။ ဂုန်လျှော်/ချည်ပေါင်လျှော်ခင်းများအား ပုံမှန်စစ်ဆေး၍ လိုအပ်မှသာ ဆေးပက်ဖျန်းကာကွယ်ပါ။
၅။ ဂုန်လျှော်ပင်စည်မှဲ့စွန်းရောဂါနှင့် မြစ်ပုတ်ရောဂါများတွေ့ရှိက အပင်လိုက်နှုတ်၍ မီးရှို့ဖျက်ဆီးပါ။
၆။ ချည်ပေါင်ပင်အဖျားပိုင်းတွင် အဝါရောင်၊ အဖြူရောင် အရောင်မညီကွက်ကြား(mosaic)ရောဂါတွေ့ရှိလျှင် အပင်လိုက်နှုတ်၍ မီးရှို့ဖျက်ဆီးပါ။
၇။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာမြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း၊ ဒေသရုံးများနှင့် ဆက်သွယ်အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

● **ရော်ဘာမှ**

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အခမ်းအနားသည် ရန်ကုန်တိုင်းအတွင်း ရော်ဘာတိုးချဲ့ စိုက်ပျိုးရေး အတွက် လုပ်ငန်းလိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးရန်ပြုလုပ်သည့် အခမ်းအနား ဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်အစိုးရက ရော်ဘာကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေး ခွင့်ပြုပေးထားပြီးဖြစ်ရာ ရော်ဘာတိုးချဲ့စိုက်ပျိုးနိုင်သည်နှင့်အမျှ လုပ်ငန်းရှင်များအတွက် များစွာအကျိုးရှိမှာဖြစ်ကြောင်း။

ရန်ကုန်တိုင်းအတွင်း ရော်ဘာစိုက်ပျိုးဖြစ်ထွန်းနိုင်သည့် မြေနေရာများနှင့် အခြေအနေများရှိရာ ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းရှင်များအနေဖြင့် အဖိုးတန်မြေလွတ်မြေလပ်များကို ရော်ဘာတိုးချဲ့စိုက်ပျိုးခြင်းဖြင့် အကျိုးရှိရှိ ထိထိရောက်ရောက်အသုံးချကြစေလိုကြောင်း။

တိုးချဲ့စိုက်

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်စေရေးစီမံကိန်းချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မိုးစပါး၊နွေစပါး၊ ဆောင်းသီးနှံ၊ ဆီထွက်သီးနှံ၊ စီးပွားဖြစ်သီးနှံနှင့် စီမံကိန်းဝင်အပင်များကို ရာသီမလပ် စိုက်ပျိုးကြရမှာဖြစ်ပြီး လုပ်ငန်းရှင်များနှင့် နိုင်ငံတော်အတွက်အကျိုးရှိသည့် ရော်ဘာကိုလည်း ပိုမိုတိုးချဲ့စိုက်ပျိုးကြစေလိုကြောင်း။

ရန်ကုန်တိုင်းအတွင်း စိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်ဖြစ်ထွန်းစေရန်အတွက် နိုင်ငံတော်က ဆည်နှင့်ရေလှောင်တမံများ တည်ဆောက်ပေးထားပြီး စိုက်ပျိုးရေရရှိစေရေး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရန်ကုန်တိုင်းအနေဖြင့် ယခုနှစ်မှစ၍သုံးနှစ်အတွင်းရော်ဘာဧက တစ်သိန်းစိုက်ပျိုးရန် လျာထားသတ်မှတ်ထားရာ ယခု ၂၀၀၅-၂၀၀၆ ခုနှစ်အတွင်း ရော်ဘာဧက ၁၀၀၀၀ စိုက်ပျိုးဖြစ်ထွန်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ရော်ဘာစိုက်ပျိုး ခြင်းဖြင့် နိုင်ငံတော်နှင့်လုပ်ငန်းရှင်များအတွက် များစွာအကျိုးရှိစေမည်ဖြစ်သဖြင့် ရော်ဘာပိုမိုတိုးချဲ့စိုက်ပျိုးကြရေးအတွက် တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ရန်ကုန်မြောက်ပိုင်းခရိုင် မန်နေဂျာ ဦးကြည်ဝင်းက ရန်ကုန်တိုင်းအတွင်း ရော်ဘာအပါအဝင် နှစ်ရှည်ပင်များစိုက်ပျိုးထားရှိမှုအခြေအနေ၊ ရော်ဘာစိုက်ပျိုးရေး အထူးဇုန်များသတ်မှတ် စိုက်ပျိုးလျက်ရှိသည့် အခြေအနေ၊ ရော်ဘာတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ပျိုးပင်များ စုဆောင်းထားမှုအခြေအနေနှင့် ကူညီပံ့ပိုးပေးမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းရှင်များက ရော်ဘာပိုမို တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်ချက်များနှင့် ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဝင်းနှင့် တိုင်းမြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးကြင်ထွန်းတို့က ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြေနေရာချထားပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်း ပံ့ပိုးဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

၂၀၀၅ခုနှစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲဆုပေးပွဲတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ပထမရရှိသည့် အသင်းအား တံခွန်စိုက်ဒိုင်းဆုချီးမြှင့်စဉ်။ (ရန်ကုန်တိုင်း)

ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ပိတ်ပွဲနှင့်ဆုပေးပွဲကျင်းပ

ရန်ကုန် ဇွန် ၉

၂၀၀၅ ခုနှစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ပိတ်ပွဲနှင့်ဆုပေးပွဲအခမ်းအနားကို ယမန်နေ့ညနေ ၄ နာရီတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ နယ်မြေခံတပ်၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့ တက်ရောက်အားပေးချီးမြှင့်သည်။

အခမ်းအနားသို့ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပဲခူးတပ်နယ်မှူး ဗိုလ်မှူးကြီးသန့်ဆွေ၊ အင်းတိုင်တပ်နယ်မှူး ဗိုလ်မှူးကြီးဘိုလွင်နှင့် တပ်မတော် အရာရှိကြီးများ၊ အမှတ်(၁)စစ်ဒေသမှူး ဒုတိယ ဗိုလ်မှူးကြီးစိုးဝင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ အရာရှိ၊စစ်သည်များနှင့် ၎င်းတို့၏မိသားစုဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ အသင်းအုပ်ချုပ်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီး ဒေါ်ခင်သက်ဌေးနှင့် ဧည့်သည်တော်များသည် စစ်သည်များ၏ သရုပ်ပြပစ်ခတ်မှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲအမျိုးအစားအလိုက် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုများ ရရှိကြသည့် အမျိုးသမီး အားကစားသမားများအား ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အင်းတိုင်တပ်နယ်မှူး ဗိုလ်မှူးကြီးဘိုလွင်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲအမျိုးအစားအလိုက် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုများ ရရှိကြသည့် အားကစားသမားများနှင့် အကောင်းဆုံး သေနတ်ပစ်အားကစားသမားဆု ရရှိသူတို့အား ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးသန့်ဆွေက ပွဲစဉ်တစ်လျှောက် ပြိုင်ပွဲအမျိုးအစားအလိုက် စုစုပေါင်းရမှတ်အများဆုံးဖြင့် ဒုတိယနှင့် တတိယရရှိသည့် အသင်းများအား ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ပွဲစဉ်တစ်လျှောက် ပြိုင်ပွဲအမျိုးအစားအလိုက် စုစုပေါင်း ရမှတ်အများဆုံးဖြင့် ပထမရရှိသည့် အသင်းအား တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပထမအကြိမ် အာရှ-ဥရောပလူငယ်အားကစားပြိုင်ပွဲ မြန်မာတင်းနစ်လူငယ်များ ရွှေတစ်ခု၊ ကြေးနှစ်ခုရရှိ

ရန်ကုန် ဇွန် ၉

၂၀၀၅ ခုနှစ် ဇွန် ၂ ရက်မှ ၈ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့သည့် ပထမအကြိမ် အာရှ-ဥရောပ လူငယ်အားကစားပြိုင်ပွဲ (၂၀၀၅)သို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အားကစားနှင့်ကာယပညာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင် ခေါင်းဆောင်သော ဘောလုံး၊ ပြေးခုန်ပစ်၊ ရေကူး၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ တင်းနစ်နှင့် ခြင်းလုံးသရုပ်ပြ အားကစားနည်းအပါအဝင် စုစုပေါင်း အားကစားနည်း ခုနစ်မျိုးပါဝင်သော မြန်မာအားကစားအဖွဲ့သည် ယနေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာကြသည်။

အဆိုပါ မြန်မာအားကစားအဖွဲ့အား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် အမှုဆောင်များ၊ သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များနှင့် ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ ပြိုင်ပွဲ၏ တင်းနစ်အလွတ်တန်း၊ အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ကျော်ဇောနိုင်နှင့် ချစ်စုရီတို့အတွဲက ပထမရွှေတံဆိပ်ဆုဆွတ်ခူးရရှိခဲ့ပြီး အမျိုးသားအသင်းလိုက်ပြိုင်ပွဲနှင့် အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတို့မှာလည်း ကြေးတံဆိပ်တစ်ခုစီရရှိကြကာ မြန်မာလူငယ်ဘောလုံးအသင်းက ပူးတွဲတတိယရရှိသည်။

(သတင်းစဉ်)

ပထမအကြိမ် အာရှ-ဥရောပ လူငယ်အားကစားပြိုင်ပွဲသို့ မြန်မာအားကစားအဖွဲ့သွားရောက်ယှဉ်ပြိုင်ခဲ့ရာအလွတ်တန်း အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲ တင်းနစ်ပြိုင်ပွဲတွင် ပထမ ရွှေတံဆိပ်ဆုရ မြန်မာ့လက်ရွေးစင် လူငယ်တင်းနစ်အားကစားသမားများဖြစ်သည့် ကျော်ဇောနိုင်နှင့် ချစ်စုရီတို့အား အောင်နိုင်ဆုများနှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တွေ့ရစဉ်။

(အား/ကာ)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးနှိုးဆော်ချက်

၁။ မိုးရာသီအတွင်း အသက်၃နှစ်မှ၁၄နှစ်အထိ ကလေးငယ်များတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားတတ်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်လျှင် ရင်သွေးငယ်များအသက်ဆုံးပါးသည်အထိဖြစ်နိုင်သဖြင့် မိမိတို့၏ ရင်သွေးများရောဂါဘယကင်းဝေးစေရန် သွေးလွန်တုပ်ကွေးရောဂါကြိုတင် ကာကွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။

၂။ သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသောခြင်ပုန်း၊ ခြင်ကျား အကိုက်ခံရခြင်းကြောင့် ကူးစက်ပါသည်။ သို့ပါ၍ ခြင်ပုန်း၊ ခြင်ကျားမပေါက်ပွားစေရန် မိမိတို့ ရင်သွေးငယ်များခြင်ကိုက်မခံရစေရန် အောက်ပါအတိုင်းဆောင်ရွက်ကြပါရန်နှိုးဆော်အပ်ပါသည်။

လိုက်နာရမည့်အချက်များ

(က) ရေစည်ရေအိုးများကို လုံခြုံစွာဖုံးအုပ်ထားပါ။
(ခ) ပန်းအိုး၊ ညောင်ရေအိုးတို့မှရေကိုနေ့စဉ်လဲလှယ်ပေးပါ။
(ဂ) ရေစည်၊ ရေအိုးများရှိ ပိုးလောက်လမ်းများအား ရေစစ်ဖြင့် ခပ်ထုတ်ပစ်ပါ။
(ဃ) မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့စသည်တို့ကို ဖယ်ရှားရှင်း လင်းပါ။
(င) မိမိတို့အိမ်ရှေ့အိမ်နောက်တို့မှ ရေမြောင်းများအား ရေစီးရေလာ ကောင်းအောင်ရှင်းလင်းပါ။(လိုအပ်ပါက စည်ပင်သာယာရေးအဖွဲ့၏ အကူအညီကိုယူပါ။)
(စ) အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သောမြေနိမ့်များကိုဖို့ပါ။
(ဆ) အလင်းရောင်ရရှိရန်တံခါးများကို နေ့ခင်းပိုင်းတွင်ဖွင့်ထားပါ။
(ဇ) အိမ်တွင်း၊ အိမ်ပြင်သန့်ရှင်းအောင်ထားပါ။
(ဈ) ကလေးများနေ့လယ်အိပ်ချိန်တွင် ခြင်ထောင်ဖြင့်သိပ်ပါ။

(အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်၊ ထဘီ၊ ပုဆိုး စသည်တို့ကို ဝတ်ဆင်ထားပေးပါ။)

၃။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ခြင်များမပေါက်ပွားစေရန် ဆေးဖျန်းခြင်း၊ အသိပညာပေးခြင်း၊ ကာကွယ်တားဆီးခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြပါရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန။

ကမ္ဘာ့သွေးလှူရှင်များနေ့
World Blood Donor Day
၂၀၀၅ခုနှစ်၊ ဇွန်လ ၁၄ရက်

သင့်သွေးလက်ဆောင်ပေးနိုင်ဖို့ သွေးလှူဒါနပြုကြစို့

Celebrating Your gift of blood

မြန်မာနိုင်ငံကြက်ခြေနီအသင်း

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၉-၆-၂၀၀၅)

ဖျာပုံ	-	၂ ဒသမ ၈၇ လက်မ
မင်္ဂလာဒုံ	-	၂ ဒသမ ၈၀ လက်မ
ဥ	-	၂ ဒသမ ၁၃ လက်မ
အမ်း	-	၁ ဒသမ ၈၉ လက်မ
ရေး	-	၁ ဒသမ ၈၅ လက်မ
ကိုကိုးကျွန်း	-	၁ ဒသမ ၈၅ လက်မ
ထားဝယ်	-	၁ ဒသမ ၇၃ လက်မ

မွေးရာပါ ချို့ယွင်းချက်ရှိ လူနာ ၁၅၀အား မြစ်ကြီးနား ပြည်သူ့ဆေးရုံကြီး၌ အခမဲ့ခွဲစိတ်ကုသ

ရန်ကုန် ဇွန် ၉

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)၏ အစီအစဉ်ဖြင့် ကချင်ပြည်နယ်အတွင်းရှိ မွေးရာပါ ချို့ယွင်းချက်ရှိ လူနာ ၁၅၀အား မြစ်ကြီးနား ပြည်သူ့ဆေးရုံကြီး၌ အခမဲ့ခွဲစိတ်ကုသမှုကို ဇွန် ၅ရက်မှစ၍ ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာဒေါ်နုအေးခင်တို့က မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကပံ့ပိုးသော ဆေးဖိုးကုန်ကျငွေကျပ် စုစုပေါင်း ၂၃၃၆၄၆၀ကိုလည်းကောင်း၊ ကချင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်နွဲ့က ခွဲစိတ်ခန်းအတွက်လိုအပ်သော လေအေးစက် တန်ဖိုးငွေကျပ် ၇၂၀၀၀၀အပါအဝင် စုစုပေါင်း ငွေကျပ် ၂၄၉၄၅၀၀ကိုလည်းကောင်း အသီးသီးထောက်ပံ့ကြသည်။

အဆိုပါ ခွဲစိတ်ကုသမှုအတွက် ကျန်းမာရေးဝန်ကြီးဌာနက မန္တလေး ပြည်သူ့ဆေးရုံကြီး မျက်နှာ၊ မေးရိုး၊ ခံတွင်းနှင့် အစားထိုးခွဲစိတ်ကုသဌာနမှ အထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်နုနုရီနှင့်အဖွဲ့အား လည်းကောင်း၊ ခွဲစိတ်ကုသရာတွင် လိုအပ်သောပစ္စည်း ထောက်ပံ့မှုများကိုလည်းကောင်း ပံ့ပိုး ကူညီခဲ့သည်။

ကူညီပို့ဆောင်ပေး

ကချင်ပြည်နယ်ရှိ မြို့နယ်အသီးသီးမှ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ကျန်းမာရေး ဝန်ထမ်းများ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များက လူနာများရှာဖွေပို့ဆောင်၍ လိုအပ်သော ကူညီပံ့ပိုးမှုများပေးကြပြီး မန္တလေး ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ရန် လိုအပ်သော လူနာများအားလည်း ကူညီပို့ဆောင်ပေးကြသည်။

ကြည့်ရှုအားပေး

မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီး၌ မွေးရာပါချို့ယွင်းမှုရှိ လူနာများအား ခွဲစိတ်ကုသပေးမှုများကို ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြောက်ပိုင်း တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မောင်မောင်ဆွေ၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်း မြင့်၊ ကချင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်နွဲ့နှင့် တာဝန်ရှိ သူများက ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)၏ အစီအစဉ်ဖြင့် ကချင်ပြည်နယ်အတွင်းရှိ မွေးရာပါချို့ယွင်းချက်ရှိ လူနာ ၁၅၀ကို မြစ်ကြီးနားပြည်သူ့ဆေးရုံကြီးတွင် အခမဲ့ခွဲစိတ်ကုသမှုပြုလုပ်ရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ကချင်ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းမှူး၏ ဇနီး ဒေါ်တင်တင်နွဲ့၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်တို့ ကြည့်ရှုအားပေးစဉ်။ (မိခင်ကလေး)

ဟော်ကီလူငယ်လက်ရွေးစင်အသင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ခွာ

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်မှ မျိုးဆက်သစ် ဟော်ကီလူငယ် လက်ရွေးစင် ၂၀နှင့် အုပ်ချုပ်သူ၊ နည်းပြ၊ ဒိုင်နှင့် ဆေးဝန်ထမ်းတို့ ပါဝင်သော စုစုပေါင်း ၂၅ဦးသည် အဖွဲ့ခေါင်းဆောင် တွဲဖက် အတွင်းရေးမှူး ဗိုလ်ကြီးအောင်ကြည်ဝင်း လိုက်ပါလျက် လေကြောင်းခရီးဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ထွက်ခွာသွားရာ ပို့ဆောင်သူများနှင့်အတူ တွေ့ရစဉ်။ (ဟော်ကီအဖွဲ့ချုပ်)

ရန်ကုန် ဇွန် ၉

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်မှ မျိုးဆက်သစ်ဟော်ကီလူငယ်လက်ရွေးစင် ၂၀နှင့် အုပ်ချုပ်သူ၊ နည်းပြ၊ ဒိုင်နှင့် ဆေးဝန်ထမ်းစုစုပေါင်း ၂၅ဦးတို့ပါဝင်သောအဖွဲ့သည် ခေါင်းဆောင် တွဲဖက်အတွင်းရေးမှူး ဗိုလ်ကြီးအောင်ကြည်ဝင်း လိုက်ပါလျက် ဇွန် ၇ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ခွာသွားရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံရုံးတာဝန်ခံ Mr.Yusuf Ali နှင့် အားကစားဝန်ကြီးဌာန ပြည်ပရေးရာမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းထွဋ်နှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင်ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါအဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အစိုးရ၏ပံ့ပိုးမှုဖြင့် ဘင်္ဂလားဒေ့ရှ် အားကစားသိပ္ပံကျောင်း BKSP ၌ နှစ်လကြာ မြက်ခင်းတုကွင်း၌ အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများ ဝင်နိုင်ရန် ပူးတွဲလေ့ကျင့်ကြမည်ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ရှိစဉ် ဘင်္ဂလားဒေ့ရှ်လက်ရွေးစင် ကလပ်အသင်းများနှင့် လည်းကောင်း၊ အိန္ဒိယ၊ နီပေါနှင့် သီရိလင်္ကာနိုင်ငံများမှ ကလပ်အသင်းများနှင့် လည်းကောင်း ချစ်ကြည်ရေးပြိုင်ပွဲများ ကစားကြမည်ဖြစ်သည်။ (သတင်းစဉ်)

ဂျပန်၊ အီရန်၊ တောင်ကိုရီးယားနှင့် ဆော်ဒီ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် ခြေစစ်ပွဲအောင်မြင်

ပေကျင်း ဇွန် ၉

ဂျပန်၊ အီရန်၊ တောင်ကိုရီးယားနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့သည် ၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် ခြေစစ်ပွဲအောင်သော ပထမဆုံး အသင်းလေးသင်းဖြစ်ကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်ကြေညာသည်။

ခြေစစ်ပွဲအောင်

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ အာရှဇုန်မှ ခြေစစ်ပွဲအောင်မြင်သော ဂျပန်၊ အီရန်၊ တောင်ကိုရီးယားနှင့် ဆော်ဒီအာရေဗျနိုင်ငံအသင်းများသည် အိမ်ရှင် ဂျာမနီအသင်းနှင့်အတူ ဒီဇင်ဘာ ၉ရက်တွင် ဂျာမနီနိုင်ငံ လိုက်ပ်ဇစ်မြို့၌ ကျင်းပမည့်ပွဲစဉ်များ၌ ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိမည်ဖြစ်သည်။ ဂျာမန်အသင်းသည် အိမ်ရှင်ဖြစ်သည့်အားလျော်စွာ အလိုအလျောက် ခြေစစ်ပွဲအောင်မြင်ပြီးဖြစ်သည်။

၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို တောင်ကိုရီးယားနိုင်ငံနှင့် အတူ ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပပေးခဲ့သည့် ဂျပန်အသင်းသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဗုဒ္ဓဟူးနေ့ကကျင်းပသောပွဲ၌ အနိုင်ရရှိခြင်းဖြင့် အာရှဇုန်မှ ပထမဆုံး ခြေစစ်ပွဲအောင်သည့် အသင်းဖြစ်လာသည်။

တီဟီရန်တွင် ကျင်းပသောပွဲ၌ ဘာရိန်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော အီရန်အသင်းသည် ၁၉၉၈ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အကြိုဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့သော တောင်ကိုရီးယားအသင်းသည် ကူဝိတ်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ရာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ခြောက်ကြိမ်ဆက်တိုက် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

ရီယာ့ဒ်တွင် ကျင်းပသောပွဲ၌ ဥဇဘက်ကစ္စတန်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အလွယ်တကူအနိုင်ရရှိခဲ့သော ဆော်ဒီအာရေဗျအသင်းသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် စတုတ္ထအကြိမ် ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။

ထပ်ဆင့်ခြေစစ်ပွဲ

အာရှဇုန်အုပ်စု(ခ)တွင် တတိယနေရာ၌ရှိနေသည့် ဘာရိန်းနိုင်ငံအသင်းသည် ဥဇဘက်ကစ္စတန် သို့မဟုတ် ကူဝိတ်အသင်းနှင့် ဩဂုတ် ၁၇ရက်တွင် ထပ်ဆင့်ခြေစစ်ပွဲ ကစားရမည်ဖြစ်သည်။ ထပ်ဆင့်ခြေစစ်ပွဲတွင် အနိုင်ရရှိသော အသင်းသည် ကွန်ကာကက်ဖ်ဇုန်(သမုဒ္ဒရာဇုန်)မှ စတုတ္ထရရှိသော အသင်းနှင့် ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ပညာသင်စရိတ် ထောက်ပံ့ပေးအပ်

ရန်ကုန် ဇွန် ၉

မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့မှ ပူးပေါင်းကျင်းပသည့် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲက အထက(၁)ကျောင်း ခန်းမတွင် ကျင်းပရာ မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကိုက အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်မြင့်မြင့်ရီက ပညာသင်စရိတ် ထောက်ပံ့ငွေကျပ် ၂၂၀၀၀၀ ကို မြို့နယ် ပညာရေးမှူး ဦးလှသောင်းထံ ပေးအပ်သည်။ **(အောက်ပုံ)**

မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်နန်းထွေးခိုင်နှင့် တွဲဖက်အတွင်းရေးမှူး ဒေါ်ဌေးဌေးရှိန်တို့က ပညာသင်ထောက်ပံ့စရိတ် ကျပ် ၂၃၀၀၀၀ကို မြို့နယ်ပညာရေးမှူးထံ ပေးအပ်ပြီး ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌများနှင့် ရပ်ကွက် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ များက တက္ကသိုလ်၊ ကောလိပ် ကျောင်းသူ၊ ကျောင်းသားများအား ပညာသင်ထောက်ပံ့စရိတ်များ ပေးအပ်သည်။ (၃၂)

အမျိုးသမီးပိုက်ကျော်ခြင်းလက်ရွေးစင်များ အထက(၁)ကမာရွတ်တွင် သရုပ်ပြ

ရန်ကုန် ဇွန် ၉

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ စီစဉ်မှုအရ အားကစားနှင့် ကာယပညာ ဦးစီးဌာနနှင့် အမှတ်(၃) အခြေခံပညာ ဦးစီးဌာနတို့ပူးပေါင်း၍ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်၏ မြန်မာ့ လက်ရွေးစင် အမျိုးသမီးများက ယမန် နေ့ နံနက်ပိုင်းတွင် ကမာရွတ်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်း၌ ပိုက်ကျော်ခြင်း သရုပ်ပြ ယှဉ်ပြိုင်ကစားကြသည်။

အခမ်းအနားသို့ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့မှ တာဝန်ရှိ သူများ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အဖွဲ့ချုပ်အမှုဆောင်များ၊ ကမာရွတ် မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ် ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသူကလေးများ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက ပိုက်ကျော်ခြင်း အားကစားနည်းအကြောင်း ရှင်းလင်း ပြောကြားသည်။ ဆက်လက်၍ ဒုတိယ ဥက္ကဋ္ဌက ပိုက်ကျော်ခြင်းအားကစား ပစ္စည်းများ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြား သည်။ ယင်းနောက် မြန်မာ့လက်ရွေးစင် အမျိုးသမီးများက ပိုက်ကျော်ခြင်း သရုပ်ပြယှဉ်ပြိုင်ကစားကြသည်။ (သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ် နန္ဒဝန်ဈေး ဥက္ကလာတင်ရွှေဆိုင်မှ ဦးတင်လှ-ဒေါ်တင်တင်သော်တို့က ဆေးပဒေသာနှင့် နာရေးကူညီမှုအတွက် အလှူငွေကျပ်နှစ်သိန်းကို ဖြဟ္မဝိဟာရ ပရိယတ္တိ စာသင်တိုက် သုဒဿန လမ်း ၁၆/၂ ရပ်ကွက် သင်္ဃန်းကျွန်း မြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူနှင့် ကော်မတီဝင် ဦးပေါက်တို့ကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

မြိတ်မြို့ နည်းပညာတက္ကသိုလ် စီမံကိန်းမြေနေရာနှင့် ရေနက်ဆိပ်ကမ်းမြေနေရာများ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် ကြည့်ရှု

ရန်ကုန် ဇွန် ၉

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၂ရက် မွန်းလွဲ ၁နာရီက မြိတ်မြို့ နည်းပညာတက္ကသိုလ် တည်ဆောက်မည့် စီမံကိန်းမြေနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် ကပင်းကျေးရွာအနီး ကျေးရွာချင်းဆက်လမ်းများကို ကြည့်ရှုစစ်ဆေးပြီး အထူးဆိပ်ကျေးရွာသို့ ရောက်ရှိကာ အဆိုပါကျေးရွာ ဆိပ်ကမ်းတစ်လျှောက် ရေနက်ဆိပ်ကမ်းများ တည်ဆောက်မည့် မြေနေရာများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် လော့လော့ကျေးရွာသို့ ရောက်ရှိပြီး ထူးထူးတိုးကုမ္ပဏီ၏ အအေးခန်းနှင့် ရေခဲစက်ရုံ ဆောက်လုပ်မည့် မြေနေရာသို့လည်းကောင်း၊ သာထူးအောင်ကုမ္ပဏီ၏ ရေငန်ပုစွန် မွေးမြူရေးလုပ်ငန်းခွင်သို့လည်းကောင်း၊ လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် လော့လော့ကျေးရွာ အမှတ်(၄၆) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ပြုပြင်တည်ဆောက် ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

ရွှေတိဂုံစေတီတော် ရွှေသင်္ကန်းတော်များ ဆက်ကပ်ရန် အလှူငွေပေးအပ်

ရန်ကုန် ဇွန် ၉

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေစင်ရွှေသား ရွှေပါးလွှာ သင်္ကန်းတော်များ ဆက်ကပ်လှူဒါန်းပူဇော်ရန် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၅ရက် ညနေ ၃နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ရေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ကျင်းပသည်။ (အပေါ်ပုံ)

အလှူတော်ငွေပေးအပ်ပွဲအခမ်းအနားသို့ လင်ဂျူးတောင် ဗုဒ္ဓသာသနာပြုအဖွဲ့ ဦးစီးနာယက ဆရာတော် ရှင်စင်တောက် ကြွရောက်တော်မူပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဆရာတော် ရှင်စင်တောက်၏ တပည့် ဒါယကာ၊ ဒါယိကာမများ၊ ဝတ်အသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။ ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ဓမ္မလက်ဆောင်

ထို့နောက် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေစင်ရွှေသား ရွှေပါးလွှာ သင်္ကန်းတော်များ ဆက်ကပ်လှူဒါန်းရန်အတွက် အလှူတော်ငွေများ ပေးအပ်လှူဒါန်းကြရာ လင်ဂျူးတောင် ဗုဒ္ဓသာသနာပြုအဖွဲ့ နာယက ဆရာတော် ရှင်စင်တောက်အား အမှူးထား၍ တပည့်ဒါယကာ၊ ဒါယိကာမများက အမေရိကန်ဒေါ်လာ နှစ်သိန်းကိုလည်းကောင်း၊ မက်စ်မြန်မာ ကုမ္ပဏီမှ ဦးဇော်ဇော် - ဒေါ်ငွေးငွေးခိုင်တို့က ငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က လက်ခံယူပြီး အနုမောဒနာ ဂုဏ်ပြုလွှာများကို ပြန်လည်ပေးအပ်ကာ ရွှေတိဂုံစေတီတော်ပုံတော်ကို ဓမ္မလက်ဆောင်အဖြစ် ပေးအပ်သည်။

(သတင်းစဉ်)

နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်ရေးနည်းပညာဖြန့်ဖြူးရေး သင်တန်းနည်းပြများအတွက် သင်တန်းဖွင့်လှစ်

ရန်ကုန် ဇွန် ၉

ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)နှင့် မြန်မာနိုင်ငံ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အသေးစား နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်ရေး နည်းပညာဖြန့်ဖြူးရေး သင်တန်းနည်းပြများအတွက် ပြုလုပ်သော သင်တန်း (Training for Trainers)ကို ဇွန် ၆ရက် နံနက်၉နာရီခွဲတွင် အင်းစိန်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရန်ကုန်နို့နှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်ရေးသင်တန်းစခန်း၌ ဖွင့်လှစ်ရာ FAO မြန်မာနိုင်ငံဌာနေ ကိုယ်စားလှယ် Mr. Tang Zhenping၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွန့်တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ခြောက်ရက်ကြာ

ယနေ့ဖွင့်လှစ်သည့် သင်တန်းသို့ သင်တန်းသားများအဖြစ် ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ပြည်နှင့် မုဒုံမြို့တို့မှ ရွေးချယ်ထားသော မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများနှင့် မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းမှ စေလွှတ်သော သင်တန်းသား အပါအဝင် သင်တန်းသား ၁၈ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ခြောက်ရက်ကြာမြင့်မည် ဖြစ်သည်။

ဖြန့်ဖြူးပေး

သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံအတွက် အသေးစား နို့နှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများ အတွက် သန့်ရှင်း၍ အရည်အသွေး အဆင့်အတန်းရှိသော နို့နှင့် နို့ထွက်ပစ္စည်းများ တိုးတက်ထုတ်လုပ် ဖြန့်ဖြူးရေးနှင့် နို့လုပ်ငန်းသုံး ဆိုင်ရာပစ္စည်း ကိရိယာများကို ပြည်ပမှ တင်သွင်းရန် မလိုအပ်ဘဲပြည်တွင်း၌ အဆင့်မြင့် ထုတ်လုပ်အသုံးပြုနိုင်ခြင်းကို နည်းပညာ ဖြန့်ဖြူးပေးရန်ဖြစ်သည်။

ပထမဆုံးအကြိမ်

FAO နှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းအစီအစဉ်ကို မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အနေဖြင့် နှစ်ပေါင်း ၂၀ ခန့်အတွင်း ယခုအကြိမ်သည် ပထမဆုံးအကြိမ် ဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် ပြည်သူများ သောက်သုံးရေ ရရှိရေး ငမိုးရိပ် ဂျိုးဖြူရေပိုက် ဆက်သွယ်ဖွင့်လှစ်ပွဲကို ဇွန် ၄ ရက်က ကျင်းပရာ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ဖွင့်လှစ်ပေးရာ မြို့နယ် အသင်းအတွင်းရေးမှူး ဦးခင်ဝေနှင့်ရပ်ကွက်ရေသွယ်ယူရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်ထွဋ်တို့ သောက်သုံးရေကြည် ရရှိမှုအခြေအနေကို ရှင်းလင်းပြသကြစဉ်။ (၅၀၆)

အိုလံပစ်နေ့အထိမ်းအမှတ် သေနတ်ပစ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၉

မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ်က ကြီးမှူး ကျင်းပမည့် ၂၀၀၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် သေနတ်ပစ် ပြိုင်ပွဲကို ဇွန် ၂၁ ရက်မှ ၂၃ ရက်အထိ တောင်ဥက္ကလာပမြို့နယ် ဥက္ကလာသေနတ်ပစ်ကွင်း၌ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲ အမျိုးအစားအလိုက် ပစ်ခတ်စဉ် ပြိုင်ပွဲများမှာ အမျိုးသား လေပစ္စတို၊ လေရိုင်ဖယ်၊ အမျိုးသမီး လေပစ္စတို၊ လေရိုင်ဖယ်ပြိုင်ပွဲများဖြစ်ကာ အတန်းအားဖြင့် လက်ရွေးစင်တန်း၊ အဆင့်မြင့်တန်း၊ လူသစ်တန်းနှင့် သက်ငယ်တန်းများဖြစ်ပြီး ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် ဇွန် ၁၈ ရက်မှ ဇွန် ၂၀ ရက် ညနေ ၃နာရီအထိ ဥက္ကလာသေနတ်ပစ်ကွင်းသို့ အမည်စာရင်း ပေးသွင်းရမည် ဖြစ်သည်။ (သတင်းစဉ်)

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် မိတ္ထီလာမြို့ ပထမလမ်းမတော် လမ်းသွယ်(၁)အား ကတ္တရာလမ်းသစ်နှင့် မြို့မ(၄)ရပ် လင်းဇင်းနယ်မြေရှိ ယုဇနမြေသားလမ်း ကတ္တရာလမ်းအဖြစ် တိုးမြှင့်ဆောင်ရွက်နေခြင်းများကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းမင်းသန့်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးပြည်စိုးတို့ မေ ၃၁ ရက်က ကွင်းဆင်းကြည့်ရှု စစ်ဆေးကြစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀-၆-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၂၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၃၀ ၆။ မျိုးချစ်တပ်မတော်
၄:၄၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀ ၈။ **အဝေးသင်တက္ကသိုလ်ပညာရေးပို့ချမှု အစီအစဉ်**
(က) °Methods of Studying Law. (1st Law)
(ခ) °A Study of Seven Logical Relations. (1st Philosophy)
၅:၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၄။ **ကာတွန်းအစီအစဉ် "ရှောင်လင်လူစွမ်းကောင်းလေး" (အပိုင်း-၄)**
၆:၅၀ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "၂၄-နာရီ" (အပိုင်း-၁၀)**
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မျက်နှာဖုံးလူနဲ့ ရွှေမင်းသမီး" (အပိုင်း-၃၂)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

တောင်ရင်းကျေးရွာ၌ ရောင်ခြည်သစ် စာကြည့်တိုက်ဖွင့်

စစ်ကိုင်း ဇွန် ၄

စစ်ကိုင်းမြို့နယ် တောင်ရင်းကျေးရွာ ကျောင်းသစ်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဝင်းအတွင်း၌ မေ ၃၀ရက် နံနက် ၉ နာရီက ကိုယ့်အားကိုယ်ကိုး ရောင်ခြည်သစ် စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပရာ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်ဆရာတော် နိုင်ငံတော် တိပိဋက ဓရ သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ပထမကျော် (သ၊ စ၊ အ) ဓမ္မာစရိယ ဘဒ္ဒန္တ ပဒုမာဘိဝံသ၊ ကျောင်းသစ်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ပဓာနနာယက ဆရာတော်နှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ဝင်းနှင့် ဝန်ထမ်းများ၊ ပဒူကျေးရွာ အလယ်တန်းကျောင်း အုပ်ဆရာကြီး ဦးသက်ရှည်၊ ကျေးရွာဥက္ကဋ္ဌ ဦးကျော်ဌေးနှင့် ရပ်မိရပ်ဖများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

လှူဒါန်း

ရှေးဦးစွာ မစိုးရိမ်ကျောင်းတိုက် ဆရာတော်ကြီးနှင့် မြို့နယ်အကျိုးတော်ဆောင် ဆရာတော်၊ ပဒူကျေးရွာ အလယ်တန်း ကျောင်းအုပ်ဆရာကြီး ဦးသက်ရှည်တို့က ရောင်ခြည်သစ် စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**ရောင်ခြည်သစ် စာကြည့်တိုက်သို့ စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်၊ စာစောင်မျိုးစုံ ၈၀ လှူဒါန်းသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူ ၆၃ ဦးတို့အား ကျောင်းသစ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းပဓာန ဆရာတော်နှင့် တာဝန်ရှိသူတို့က ဆုများ အသီးသီးပေးအပ်ကြသည်။

(မြို့နယ်ပြန်/ဆက်)

မြို့ စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းရေးဆောင်ရွက်

မြစ်ကြီးနား ဇွန် ၆

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့တော် စိမ်းလန်းစိုပြည်ရေး၊ သန့်ရှင်းသာယာလှပရေးနှင့် မြို့ပြ/ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးအေးဆွေ ဦးဆောင်၍ မေ ၂၅ ရက်က ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ဦးစီးအရာရှိ ဦးခင်အောင်နီ၊ ဒုတိယဦးစီးမှူး(သန့်) ဦးကျော်နန်းတို့ ဦးဆောင်ပြီး မြေမြင့်ရပ်ကွက် ဘုန်းတော်ကြီးကျောင်းရှေ့ ပြည်ထောင်စုလမ်းမကြီးဘေး ဝဲ၊ယာတစ်လျှောက်ရှိ အရိပ်ရပင်နှင့် ပန်းအလှပင်များကို အလင်းဖွင့်ခြင်း၊ အရိပ်ရပင်နှင့် ပန်းအလှပင်များ အစားထိုးစိုက်ပျိုးခြင်း၊ လမ်းဘေး ဝဲ၊ ယာတစ်လျှောက်တွင် သန့်ရှင်းရေးလုပ်ငန်းများကို ဝန်ထမ်းများဖြင့် စုပေါင်းဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**

ဇွန် ၆ ရက်က ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ မြို့သာယာလှပရေးအတွက် မြို့အဝင် ရန်ကုန်-မော်လမြိုင် လမ်းမကြီး တစ်လျှောက် ချုံနွယ်များရှင်းလင်းခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်းကို အမှုဆောင်အရာရှိ ဦးစောရွှေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်အောင်ဌေးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)



(၈၇)ကြိမ်မြောက် သွေးလှူ

ပုလဲ ဇွန် ၅

မုံရွာခရိုင် ပုလဲမြို့နယ် ပုပ္ပားကျေးရွာနယ်လှည့်သာသနာပြု ဓမ္မကထိက မိုးကုတ် ကမ္မဋ္ဌာနာစရိယ လူမှုထူးချွန် ပထမဆင့် မော်လမြိုင် တောင်ဝိုင်း ဓမ္မရက္ခိတ ဆရာတော် ချင်းတွင်းအရှင် ကလျာဏ**(အပေါ်ပုံ)**သည် ရန်ကုန်မြို့ ဗိုလ်တထောင်စေတီတော် မေတ္တာဗျူဟာ သွေးလှူအဖွဲ့ ဌာနတွင် ဇွန် ၅ရက်က (၈၇)ကြိမ်မြောက် သွေးလှူဒါန်းသည်။ **(က-ပ)**

မြို့နယ်သတင်းများ

ရခိုင်ပြည်နယ် မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် အုတ်ရေမြောင်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကို ဇွန် ၅ ရက်က အမှုဆောင်အရာရှိ ဦးဘုန်းမောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်ထွန်းတို့ ကွင်းဆင်းတိုင်းတာ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဒေသထွက်သီးနှံ ထုတ်လုပ်မှုသင်တန်းဆင်း

ညောင်ရွှေ ဇွန် ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် မြို့နယ်သမဝါယမ ဦးစီးဌာန ခန်းမ၌ မေ ၁၉ ရက်က ရှမ်းပြည်နယ်သမဝါယမ ဦးစီးဌာန ဦးဆောင်မှုဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း၊ အရှေ့ပိုင်း အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုချုပ်နှင့် ညောင်ရွှေမြို့နယ် လင်းရောင်ခြည် အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုတို့မှ ကြီးမှူးကျင်းပသည့် ဒေသထွက်သီးနှံများမှ တာရှည်ခံစားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်မှု သင်တန်းဆင်းပွဲ ကျင်းပသည်။

အခမ်းအနားတွင် သင်တန်းဆင်းလက်မှတ်နှင့် သင်တန်းထူးချွန်ဆုချီးမြှင့်ရာ သင်တန်းဆင်းလက်မှတ်အား သင်တန်းသူ ဒေါ်ရတနာထွန်းက လက်ခံရယူပြီး ပထမဆုရရှိသူ ဒေါ်ခင်လေးအား ဒုတိယညွှန်ကြားရေးမှူး ဦးစိုးညွှန့်က လည်းကောင်း၊ ဒုတိယရရှိသူ ဒေါ်ရတနာထွန်းအား မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်စိုးက လည်းကောင်း၊ တတိယဆု ရရှိသူများဖြစ်သည့် ဒေါ်နုဝါစိုးနှင့် ဒေါ်ခင်မျိုးနွယ်တို့အား အသင်းစုချုပ်ဥက္ကဋ္ဌ ဦးကျော်မြခိုင်ကလည်းကောင်း၊ သင်တန်းနှင့် ပူးပေါင်းဆောင်ရွက်မှုဆု ရရှိကြသော ဦးအောင်ထွန်းနှင့် ဒေါ်အေးအေးအား သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းဌေးကလည်းကောင်း၊ ဒေါ်မာလာလွင်အား လင်းရောင်ခြည် သမဝါယမဥက္ကဋ္ဌ ဦးလှထွဏ်းတို့က လည်းကောင်း ဆုများပေးအပ်ကြသည်။ **(မြို့နယ်ပြန်/ဆက်)**

မော်လမြိုင်မြို့နယ် အားကစားနှင့် ကာယပညာကော်မတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်ပညာရေးဌာနတို့မှ ကြီးမှူးဖွင့်လှစ်ခဲ့သော ၂၀၀၅ ခုနှစ် နွေရာသီ အခြေခံအားကစားသင်တန်းဆင်းပွဲကို မွန်ပြည်နယ် ရာမညအားကစားပြိုင်ဝင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးသိန်းက ထူးချွန်ဆုရ အားကစားသမားတစ်ဦးအား ဆုလက်မှတ်ချီးမြှင့်စဉ်။ (မြို့နယ်အား/ကာ)

ကျေးလက် တစ်ခွင် ဖွံ့ဖြိုးစည်ပင်

လုပ်ငန်းဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

တမူး ဇွန် ၆

စစ်ကိုင်းတိုင်း စည်ပင်ညွှန်ကြားရေးမှူးသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးသောင်းညွန့် လိုက်ပါလျက် ဇွန် ၆ရက်က မြို့သစ်မြို့နယ် စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်မှု၊ နိုင်ငံတော်အထောက်အပံ့ဖြင့် ဆောင်ရွက်မည့် မြို့တွင်းလမ်း မြို့သာယာလှပရေး ဆောင်ရွက်မည့် အခြေအနေတို့ကို ကွင်းဆင်းစစ်ဆေးကြည့်ရှုသည်။

အလားတူ တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့သာယာလှပရေး လုပ်ငန်းများ၊ ပျိုးပင်များ ပျိုးထောင်မှု၊ မြို့တွင်းလမ်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသောင်းညွန့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမြင့်အောင်တို့က ကျောက်များ စုဆောင်းထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

(မြို့နယ်စည်ပင်)

ပေးအပ်လှူဒါန်း

ပညာရေးဝန်ကြီးဌာန အမှတ်(၂) အခြေခံပညာဦးစီးဌာန ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၇ ရက်က မြင်းခြံမြို့ အထက(၁) ရောဝတီခန်းမ၌ ကျင်းပရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြအောင်က ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၁၀၀ ကို မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ် ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (၁၁၄)

သီပေါမြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၏ အစီအစဉ်ဖြင့် နှမ်းပါးချို့တဲ့သည့် ကျောင်းသား၊ ကျောင်းသူလေးများအား ကျောင်းဝတ်စုံနှင့် ကျောင်းသင်ခန်းစာ လေ့ကျင့်ခန်း စာအုပ်များ၊ ဗလာစာအုပ်များ ကူညီထောက်ပံ့ခြင်း အခမ်းအနားကို ဇွန် ၃ ရက်က အမှတ်(၁) အလယ်တန်းကျောင်း၌ ကျင်းပရာ သီပေါမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ဌေးဌေးရှိန်က ကျောင်းသား၊ ကျောင်းသူလေးများကို ပစ္စည်းများ ပေးအပ်စဉ်။ (၂၄၇)

ဖျာပုံခရိုင်တွင် စက်ချုပ်သင်တန်းဖွင့်လှစ်

ဖျာပုံ ဇွန် ၆

ဖျာပုံခရိုင်နှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ စက်ချုပ်သင်တန်းဖွင့်ပွဲကို ဇွန် ၃ ရက် မွန်းလွဲ ၁ နာရီက ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ ဖျာပုံခရိုင် မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ ဇနီး ဒေါ်မြမြနှင့် အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေစန်းနှင့် အဖွဲ့ဝင်များ၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဖျာပုံခရိုင် မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြက အမှာစကား ပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။ ယင်းနောက် စက်ချုပ်သင်တန်းပို့ချမှုကို လိုက်လံကြည့်ရှုအားပေးသည်။ သင်တန်းကာလမှာ တစ်လ ကြာမြင့်မည်ဖြစ်သည်။

(ခရိုင်ပြန်/ဆက်)

ရော်ဘာကို ပြည်ပသို့ရောင်းချနိုင်ရေး နိုင်ငံတော် အစိုးရက ခွင့်ပြုပေးထား ရော်ဘာတိုးချဲ့စိုက်ပျိုးနိုင်သည်နှင့်အမျှ လုပ်ငန်းရှင်များအတွက် များစွာအကျိုးရှိ

ရန်ကုန်　　ဇွန်　　၉

ရန်ကုန်တိုင်းအတွင်း နှစ်ရှည်ပင်ရော်ဘာတိုးချဲ့စိုက်ပျိုးရေးနှင့် ပတ်သက်၍ ဒုတိယအကြိမ် တွေ့ဆုံညှိနှိုင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဘဏ်လမ်းရှိ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရန်ကုန်တိုင်းအတွင်း နှစ်ရှည်ပင်ရော်ဘာတိုးချဲ့စိုက်ပျိုးရေးနှင့် ပတ်သက်၍ ဒုတိယအကြိမ် တွေ့ဆုံညှိနှိုင်းပွဲအခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အမှာစကားပြောကြားစဉ်။

(ရန်ကုန်တိုင်း)

အခမ်းအနားသို့ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးမောင်မောင်လေးနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ●

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရန်ကုန်မြို့တော် မိုင် ၃၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ဧက ၄၀၀၀၀ အကျိုးပြု မိုးယွန်းကြီးရေထိန်းတံခါး စီမံကိန်းလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကြည့်ရှု

ရန်ကုန်　　ဇွန်　　၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဇွန် ၄ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်း ဝေါမြို့နယ် ကျွဲတဲစု ကျေးရွာအနီး၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)က တည်ဆောက်နေသည့် မိုးယွန်းကြီးရေထိန်းတံခါးစီမံကိန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ တည်ဆောက်ရေး(၆) ညွှန်ကြားရေးမှူး ဦးလှမြင့်က ရေထိန်းတံခါးတည်ဆောက်ခြင်း ရည်ရွယ်ချက်နှင့် အကျိုးပြုမှု၊ ရေတံခါးများ တပ်ဆင်ပြီးစီးမှုနှင့် အပြီးသတ်လုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက မိုးယွန်းကြီး ရေထိန်းတံခါးနှင့် ဆက်စပ်အကျိုးပြုနေသည့် ရေလှောင်တမံများ၊ ရေထိန်းတံခါးများမှ အဆင့်ဆင့်ရေပေး၍ ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးအတွက် စိုက်ပျိုးရေရရှိမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများ သေသပ်ခိုင်ခံ့ရေး၊မိုးယွန်းကြီးအင်းထဲ၌ ရာသီကာလအလိုက် သိုလှောင်ရေထိန်းသိမ်းထားရှိရေးကို ဆက်စပ်နေသည့် ဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရေး၊ ရေထိန်းတံခါးဝန်းကျင် ဆည်မြောင်းဦးစီးဌာနက ထိန်းသိမ်းထားသော မြေအတွင်း ရေရှည်အကျိုးရှိမည့် နယ်မြေနှင့် ကိုက်ညီသော အုန်းပင်၊ ကွမ်းသီးပင်၊ သရက်ပင်စသည့် နှစ်ရှည်သီးနှံများစိုက်ပျိုးကြရန် မှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၃ သို့ ✳

မိုးယွန်းကြီး ရေထိန်းတံခါး ကြည့်ရှုစစ်ဆေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ပဲခူးတိုင်း ဝေါမြို့နယ်၌ တည်ဆောက်နေသည့် မိုးယွန်းကြီးရေထိန်းတံခါး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(လယ်ယာ/ဆည်မြောင်း)